# ဖေဖော်ဝါရီလ ၂၀၂၁
# စစ်တပ်အာဏာသိမ်းပြီး နောက်ပိုင်း
# မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီးအတွင်း
# ပြောင်းလဲလာသော နိုင်ငံရေးဘောဂဗေဒဆိုင်ရာ
# သဘာဝသယံဇာတ စီမံအုပ်ချုပ်မှု

အောက်တိုဘာလ၊ ၂၀၂၂ ခုနှစ်

အမှီအခိုကင်းသော
သုတေသန
ကွန်ရက်



ပုံ ၁ - တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်၏ သဘာဝသယံဇာတတူးဖော်မှု ဒါဏ်ခံရသည့် ကျေးရွာ

# မာတိကာ


အတိုကောက် စာလုံးများ.......... ၁
အစီရင်ခံစာ အကျဉ်းချုပ်.......... ၂
နိဒါန်း.......... ၅
သုတေသန နည်းနာ.......... ၇
အပိုင်း (၁) တနင်္သာရီတိုင်းဒေသကြီးတွင် သဘာဝသယံဇာတအရင်းအမြစ်များ စီမံအုပ်ချုပ်မှု.. ၈
စစ်တပ်အာဏာမသိမ်းမီ သယံဇာတစီမံအုပ်ချုပ်မှု.......... ၉
သဘာဝသယံဇာတအရင်းအမြစ်များနှင့်ပတ်သက်သည့် ပြောင်းလဲလာသော အဖွဲ့အစည်းများ၊ စီမံအုပ်ချုပ်မှုနှင့် ပဋိပက္ခဖြစ်စဥ်များ.......... ၁၀
ပဋိပက္ခ နှင့် ထိန်းချုပ်မှုများ.......... ၁၃
ကရင်အမျိုးသားအစည်းအရုံး၏ သယံဇာတအရင်းအမြစ်များ စီမံအုပ်ချုပ်မှု.......... ၁၃
တနင်္သာရီတိုင်းဒေသကြီးတွင် သယံဇာတ စီမံခန့်ခွဲအုပ်ချုပ်မှု.......... ၁၆
အပိုင်း (၂) စီမံခန့်ခွဲအုပ်ချုပ်မှု ပြိုလဲပျက်စီးပြီး သယံဇာတထုတ်ယူသုံးစွဲမှု.......... ၁၉
လျင်မြန်စွာတိုးပွားလာသော သတ္တုတူးဖော်ရေးလုပ်ငန်းများ.......... ၂၀
ပြောင်းလဲလာသော ရင်းနှီးမြှုပ်နှံမှုများ.......... ၂၃
ထုတ်ကုန်ကွင်းဆက်နှင့် အခွန်ကောက်ခံမှု.......... ၂၆
အပိုင်း (၃) သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာထိခိုက်မှုများ.......... ၃၀
သတ္တုတူးဖော်ရေးလုပ်ငန်းများတိုးချဲ့မှုကြောင့် ဖြစ်ရသောထိခိုက်မှုများ.......... ၃၁
ဆိုးရွားသော သစ်တောပြုန်းတီးလာမှု.......... ၃၂
ဒေသခံ သစ်တောအုပ်ချုပ်စီမံမှုများအတွက် တိုးလာသော အခက်အခဲများ.......... ၃၃
လူမှုအဖွဲ့အစည်းများအတွက် အခွင့်အရေးနေရာများ နည်းပါးလာခြင်းနှင့် သဘာဝပတ်ဝန်းကျင်နှင့် မြေယာအရေး တက်ကြွလှုပ်ရှားသူများအကြား တိုးလာသော အန္တရာယ်များ.......... ၃၃
အပိုင်း (၄) နိဂုံး.......... ၃၅
အပိုင်း (၅) အကြံပြုချက်များ.......... ၃၇
နောက်ဆက်တွဲ (၁) ကျမ်းကိုးစာရင်း.......... ၄၁

# အတိုကောက် စာလုံးများ

| | |
|---|---|
| CF | ကျေးရွာဘုံပိုင်သစ်တော |
| CRPH | ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ |
| EROs | တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ (ယခင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ) |
| IDPs | ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ |
| KEC | ကော်သူးလေစီးပွားရေးကော်မတီ |
| KFD | ကော်သူးလေသစ်တောဌာန |
| KMD | ကော်သူးလေ သတ္တုတွင်းဌာန |
| KNDO | ကရင်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ |
| KNLA | ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| KNU-MTD | ကရင်အမျိုးသားအစည်းအရုံး - မြိတ်၊ထားဝယ်ခရိုင် (တပ်မဟာ ၄) |
| KNU C | ကရင်အမျိုးသားအစည်းအရုံး ဗဟို |
| LDF | ဒေသကာကွယ်ရေးတပ်ဖွဲ့ |
| MEHCL | မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် |
| NMSP | မွန်ပြည်သစ်ပါတီ |
| NUG | အမျိုးသားညီညွတ်ရေးအစိုးရ |
| PDF | ပြည်သူ့ကာကွယ်ရေးတပ်မတော် (အမျိုးသားညီညွတ်ရေးအစိုးရလက်အောက်ခံ) |
| SAC | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ |
| TNC | တနင်္သာရီလူမျိုးပေါင်းစုံကွန်ဂရက် |

# အစီရင်ခံစာ အကျဉ်းချုပ်

မြန်မာနိုင်ငံသည် ကြွယ်ဝသော သယံဇာတ အရင်းအမြစ်များ ဖြစ်သည့် ကျယ်ပြန့်သော သစ်တောကြီးများ၊ ကြီးမားသော ကျောက်စိမ်း၊ ကျောက်မျက် ရတနာများတည်ရှိရာနေရာ၊ ရွှေ၊ ကျောက်မီးသွေး၊ သံသတ္တု နှင့် သတ္တုရိုင်းများ၊ ရေနံနှင့် သဘာဝ ဓါတ်ငွေ့များ စသဖြင့်ပိုင်ဆိုင်ထားသော နိုင်ငံဖြစ်သည်။ သဘာဝ သယံဇာတ အရင်းအမြစ်များ နှင့် ၎င်းတို့အားစီမံအုပ်ချုပ်မှုသည် မြန်မာနိုင်ငံ၏ စီးပွားရေး နှင့် နိုင်ငံရေးဆိုင်ရာ အကျိုးဆက် သက်ရောက်မှုများအနေဖြင့် ကြာရှည် သောပဋိပက္ခများ မှသည် (၄၅) သန်းသော တိုင်းပြည် လူဦးရေ၏ အသက်မွေး ဝမ်းကြောင်းလုပ်ငန်းများကိုလည်း သက်ရောက်မှုများ ဖြစ်စေပါသည်။

၂၀၂၁ စစ်တပ် အာဏာသိမ်းမှုသည် မြန်မာနိုင်ငံ၏ လူမှုရေး၊ စီးပွားရေး နှင့်နိုင်ငံရေး အပေါ် ဆိုးရွားသော အကျိုးဆက်များဖြစ်ပေါ် စေသည့်အပြင် ယခင်က တိုးတက် ခဲ့သော အုပ်ချုပ်စီမံမှုများကိုလည်းကောင်း၊ ပဋိပက္ခ မီးပွားများ ဖြစ်သည့် စစ်တပ်၊ တော်လှန်ရေးအဖွဲ့အစည်းများ နှင့် ပြည်သူ့ကာကွယ်ရေးတပ်များ အများအပြား ပေါ်ထွက်လာစေသည်အထိ သက်ရောက်မှုမှာ ပြင်းထန်သည်။ ယခု ရေးသားတင်ပြ သည့် စာတမ်းသည် ၂၀၂၁ စစ်တပ်အာဏာသိမ်းမှု နှင့် တစ်တိုင်းပြည်လုံး တော်လှန်ခြင်း၏ အကျိုးဆက်များ အနေဖြင့် မြန်မာနိုင်ငံ တောင်ပိုင်းအစွန်တွင် ရှိသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ သဘာဝသယံဇာတ ဆိုင်ရာ စီမံအုပ်ချုပ် မှုကဏ္ဍအပေါ် အကျိုးသက်ရောက်မှုများကို လေ့လာဆန်းစစ် ထားခြင်းဖြစ်ပါသည်။

တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံတွင်ဖြစ်ပွားသော သဘာဝသယံဇာတ ဆိုင်ရာ ပဋိပက္ခများ ကို ဥပမာအနေဖြင့် ဖော်ညွှန်းနေသကဲ့သို့ရှိသည်။ တနင်္သာရီတိုင်း ဒေသကြီးသည် အရှေ့တောင် အာရှတွင် ကြွယ်ဝသော သယံဇာတ အရင်းအမြစ်များ ဖြစ်သည့် ကျယ်ပြန့်သော အမြဲစိမ်းသစ်တောကြီးများအပါအဝင် ဒေသတွင်းသတ္တု ရိုင်းများ၊ ရွှေ အရင်းအမြစ်များ၊ ကျောက်မီးသွေး နှင့် တွင်းထွက် ဓါတ်ငွေ့ တွင်းများစွာ ရှိသည့် သတ္တုသိုက်ဟုပင် ခေါ်ဆိုနိုင်သည့် ဒေသဖြစ်ပါသည်။ ထိုဒေသသည် စီမံခန့်ခွဲမှု အားနည်းသော မြန်မာ အစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံး - မြိတ်၊ထားဝယ်ခရိုင် တို့၏ နှစ်ဘက်အုပ်ချုပ်မှုအောက်တွင်ရှိသဖြင့် နှစ်ပေါင်း (၇၀) ကျော် ပဋိပက္ခနှင့် အပစ်အခတ်ရပ်စဲရေး စသည့်ဖြစ်စဉ်များကို တွေ့ကြုံရသည့် ဒေသလည်း ဖြစ်ပေ သည်။

ဒီမိုကရေစီနှင့် လွတ်လပ်သော အတွေးအခေါ် (လစ်ဘရယ်ဝါဒ) စတင်ထွန်းကားသည့် ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေး နောက်ပိုင်းအချိန်များတွင် သဘာဝ သယံဇာတ ဆိုင်ရာ အမြတ်ထုတ် ဖျက်ဆီးခံရမှုများ သိသိသာသာ ခံစားခဲ့ရပါသည်။ ဆီအုန်း စိုက်ပျိုးရေး တိုးချဲ့မှုအနေဖြင့် မြေဧရိယာ (၁.၉) သန်း ဧက ကျော် (၇၆၈,၉၀၂ ဟက်တာ)၊ ကြီးမားကျယ်ပြန့်သော တွင်းထွက်မိုင်းခွဲမှု/သတ္တုတူးဖော်မှုများ၊ စက်မှုဇုန်နှင့် စွမ်းအင်ဆိုင်ရာ အဆောက်အအုံတည်ဆောက်တိုးချဲ့မှုစီမံကိန်းများ လုပ်ဆောင် ရန်လျာထားခြင်းခံ ခဲ့ရသည်။[၁] ထို သဘာဝသယံဇာတ ထုတ်ယူသုံးစွဲမှုများ၏ နောက်ဆက်တွဲဆိုးကျိုးများဖြစ်သော ဒေသခံ ပြည်သူလူထုများသည် မြေယာများ သိမ်းဆည်းခံရမှု၊ သစ်တောပြုန်းတီးမှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ၏ ဒဏ်ကို အလူးအလဲခံကြရသည်။ ထိုနည်းတူ လူမှုအဖွဲ့အစည်းများ အားကောင်းလာမှုသည် လက်နက်ကိုင် ပဋိပက္ခ ဖြစ်စဉ်များကို လျော့ကျလာစေပြီး ဒေသတွင်း လူထုပါဝင်သော မြေယာစီမံအုပ်ချုပ်မှုစနစ်ဖြင့် ၎င်းတို့၏ မြေယာများကို ပြန်လည် ထိန်းသိမ်းနိုင်ရန်အလို့ငှာ တင်ပြတောင်းဆိုလာ နိုင်ခဲ့ကြသည်။[၂]

သို့သော်လည်း ၂၀၂၁ စစ်တပ်အာဏာသိမ်းမှု သည် တနင်္သာရီတိုင်း ဒေသ တစ်ခုလုံး၏ အခြေအနေများ

၁ Woods, K. 2015. Commercial agriculture expansion in Myanmar: links to deforestation, conversion timber and land conflicts. Forest Trends. Accessed at: https://www.forest-trends.org/wpcontent/uploads/၂၀၁၅/၀၃/Conversion_Timber_in_Myanmar_Exec_Summary-1.pdf

၂ TRIPNET., 2016. We will manage our own resources: Karen indigenous people in Kamoethway demonstrate the importance of local solutions and community driven conservation. Accessed at: https://www.iccaconsortium.org/wpcontent/uploads/2018/05/We_Will_Manage_Our_Own_Natural_Resources_-_English.pdf

ကို ပြောင်းလဲစေခဲ့သည်။ လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ရရှိခံစားခဲ့ရသော နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးကာ အသစ်သော လက်နက်ကိုင်အဖွဲ့အစည်းများနှင့် စင်ပြိုင်အုပ်ချုပ်မှုများ ပေါ်ထွက်လာပြီး ဒေသတွင်း ပြည်တွင်းစစ်များလည်း ပေါ်ပေါက်လာသည်။ ပြောင်းလဲလာသော အခင်းအကျင်းသစ်တွင် သဘာဝသယံဇာတ ရင်းမြစ်များသည် လက်နက်ကိုင်အဖွဲ့များအတွက် ဝင်ငွေရရာ အခွင့်အလမ်းဖြစ်လာသကဲ့သို့ မြေယာနှင့် အသက်မွေးဝမ်းကြောင်းပြုသော ဌာနေတိုင်းရင်းသားများနှင့် ဒေသခံများအတွက် သုံးစွဲရန် အရင်းမြစ်ဖြစ်လာသည်။

အာဏာသိမ်းပြီးနောက်ပိုင်း သယံဇာတများအား အမြတ်ထုတ်သုံးစွဲမှုများ ဒေသတွင်းတွင် ပိုမိုကြီးထွားလာသည်။ ထိုသို့ အကြီးစား စီမံကိန်းအကောင်အထည်ဖော်မှုများ ဒေသတွင်းမှ ထွက်ခွာသွားသော်လည်း၊ စစ်ကောင်စီနှင့် ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင်တို့၏ အသေးစားနှင့် အလတ်စား သတ္တုတူးဖော်ရေးလုပ်ငန်းများ ပိုမိုချဲ့ထွင်လုပ်ကိုင်လာသည်။

ထိုသို့ တိုးပွားကျယ်ပြန့်လာမှု ဖြစ်စေသည့်အကြောင်းအရာများမှာ ၁) ပဋိပက္ခ အရင်းပြုပြီး ကာကွယ်ရေးဆိုင်ရာ သုံးစွဲမှုများအတွက် စစ်ကောင်စီနှင့် - မြိတ်ထားဝယ်ခရိုင် ချဲ့ထွင်လာသော စီးပွားရေးလုပ်ငန်းများ များပြားလာခြင်း၊ ၂) လူမှုအဖွဲ့အစည်းများ၏ နိုင်ငံသားအခွင့်အရေး ပြိုကျပျက်စီးခြင်းနှင့် အုပ်ချုပ်ရေးစည်းမျဉ်းများ ပျက်စီးခြင်းကြောင့် ဖြစ်လာသော ထိန်းချုပ်မှုမဲ့ အမြတ်ထုတ်သုံးစွဲမှုများ၊ ၃) ဆင်းရဲမှု ပိုမိုမြင့်မားလာခြင်းသည်လည်း အလုပ်သမားများကို သတ္တုတူးဖော်ရေးလုပ်ငန်းများသို့ တွန်းပို့ခြင်း နှင့် ၄) သတ္တုနှင့် ရွှေ တန်းဖိုး မြင့်တက်လာခြင်းကြောင့် သယံဇာတများကို ပိုမိုတူးဖော်လုပ်ကိုင်လာခြင်း စသည်တို့ဖြစ်သည်။ ထို့အပြင် အကန့်အသတ်ဖြင့်သာ ဖြစ်ပွားနေသည့် စစ်ရေးဆိုင်ရာပွတ်တိုက်မှုများနှင့် ပဋိပက္ခ များမှာလည်း ထိုစစ်ကောင်စီနှင့် ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင် တို့အကြားတွင်ရှိသော အခွန်တော်ငွေကောက်ခံခြင်း ဘုံ အကျိုးအမြတ်နှင့်လည်း သက်ဆိုင်နေသည်။ မြိတ်ဆိပ်ကမ်းနှင့် နယ်စပ်ဒေသတွင် ကျွန်းသစ်များနှင့် သတ္တုရိုင်းများကို မလေးရှား၊ ထိုင်း နှင့် တရုတ်နိုင်ငံများသို့ တင်ပို့ရောင်းချသည်။ ထိုသယံဇာတများ နိုင်ငံတကာဈေးကွက်သို့ မည်သို့ ရောက်ရှိသည်ကို ရှင်းရှင်းလင်းလင်း မသိနိုင်သော်လည်း စစ်ကောင်စီသည် ကျွန်းသစ် အမေရိကန်ဒေါ်လာ သန်း (၁၉၀) ကျော် ရောင်းချခဲ့ရာ အမေရိကန်ဒေါ်လာ (၃၁) သန်း ကိုမူ ကျွန်းသစ် တရားမဝင်ပိတ်ပင်ထားသည့် နိုင်ငံများသို့ တင်ပို့ရောင်းချခဲ့ကြောင်းတွေ့ရှိရသည်။[၃]

သယံဇာတဆိုင်ရာ အမြတ်ထုတ်ဖျက်ဆီးခံရမှုများ၏ အဓိကအကြောင်းအရင်းမှာ စီမံအုပ်ချုပ်မှု ပြိုလဲပျက်စီးခြင်းကြောင့်ဟု ဆိုရမည်ဖြစ်သကဲ့သို့ တနင်္သာရီ တိုင်းဒေသကြီးအတွင်း သဘာဝသယံဇာတအရင်းအမြစ်များ စီမံအုပ်ချုပ်မှု ဆိုးရွားပျက်စီးလာနေခြင်းသည်လည်း နိုင်ငံသားအခွင့်အရေး လျော့ပါးလာခြင်းနှင့် စပ်ဆိုင်နေသည်။ ဒေသခံလူထုများသည် ရေအရင်းအမြစ်များ သောက်သုံးရန် မသင့်တော်သည်အထိ ညစ်ညမ်းလာခြင်းနှင့် စိုက်ပျိုးမြေများ ပျက်စီးလာခြင်း စသည့် မကျေနပ်မှုများကို ထုတ်ဖော်ပြလာကြသည်။ သတ္တုတူးဖော်မှုများ လုပ်ဆောင်ခဲ့သော မြေမျက်နှာပြင်များသည် ပြန်လည်ကုစားခြင်း မရှိခြင်းသောကြောင့် ခြောက်သွေ့သောတောင်ကတုံးများ ဖြစ်လာနေသည်ကို အင်တာဗျူး ဖြေဆိုသူတစ်ဦးက "လမျက်နှာပြင်ကဲ့သို့ပင်" ဖြစ်နေသည်ဟု တင်စားပုံဖော်သွားခဲ့သည်။

တိုးပွားလာသော ပဋိပက္ခများနှင့် အာဏာရှင်ဆန်စွာ ထိန်းချုပ်မှုများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် မြေယာအရေး ကာကွယ်လုပ်ဆောင်သူ များအတွက် အခက်အခဲများဖြစ်လာသည်။ ဒေသခံလူထုများနှင့် ဒေသအခြေပြု အဖွဲ့အစည်းများသည် ယခင်က သဘာဝသယံဇာတ အရင်းအမြစ်များ စီမံခန့်ခွဲမှုများတွင် အဓိကအခန်းကဏ္ဍမှ လုပ်ဆောင်ခဲ့သော်လည်း အာဏာပိုင်အဖွဲ့အစည်းများ၏ အပြစ်ပေးလာမှုကို ကြောက်ရွံ့လာကြသည်။ ထို့ကြောင့် ဒေသခံလူထုများ သစ်တောစီမံမှု လုပ်ငန်းစဉ် လုပ်ဆောင်မှုများ လျော့နည်း၊ ရပ်တန့်လာကြပြီး မိမိတို့ ရပ်ရွာတွင်းကုမ္ပဏီ နှင့် အာဏာပိုင်အဖွဲ့အစည်းများ၏ လုပ်ဆောင်မှုများအပေါ် မကျေနပ်

၃ Forest Trends. 2022. Myanmar's Timber Trade One Year Since the Coup. Accessed at: https://www.foresttrends.org/wp-content/uploads/2022/03/Forest-Trends_Myanmars-Timber-Trade-One-Year-Since-the-Coup.pdf

ချက်များရှိသော်လည်း တင်ပြရန်ခက်ခဲလာကြသည်။ ထို့နည်းတူ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၏ သဘာဝ နယ်မြေများကို ကိုယ်တိုင်စီမံခန့်ခွဲ ထိန်းကျောင်းနေခြင်းများကို ကူညီဆောက်ရွက်ပေးသော အရပ်ဖက်အဖွဲ့ အစည်းများမှာလည်း ကြီးမားသော စိန်ခေါ်မှုများနှင့် ကြုံတွေ့ရပြီး များသောအားဖြင့် လျှို့ဝှက်စွာ လုပ်ကိုင် ဆောင်ရွက်သည့် အခြေအနေများသို့ ဆိုက်ရောက်လာကြသည်။ ပိုဆိုးရွားလာသော အခြေအနေများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်သူများမှ ကုမ္ပဏီများနှင့် လက်နက်ကိုင်အဖွဲ့များ၏ သဘာဝ သယံဇာတ အရင်းအမြစ်များကို အရေးယူခြင်းမှ ကင်းလွတ်ခွင့်ရသကဲ့သို့ လွတ်လပ်စွာ ထုတ်ယူ သုံးစွဲ အမြတ်ထုတ်နေမှုအပေါ် တားဆီးနိုင်စွမ်းမရှိတော့သကဲ့သို့ ပြန်လည်ကုစားရန်ပင် မစွမ်းနိုင်တော့သည့် ပတ်ဝန်းကျင်ပျက်စီးမှုကိုလည်း ဖြစ်ပေါ်စေသည်။

တနင်္သာရီတိုင်းတွင် စစ်တပ် အာဏာသိမ်းခြင်းနှင့် ခုခံတိုက်ခိုက်ခြင်းများ၏ အကျိုးဆက်ကြောင့် သဘာဝ သယံဇာတအရင်းအမြစ် စီမံအုပ်ချုပ်မှုအခြေအနေ ယိုယွင်းလာသည်ကို တစ်နိုင်ငံလုံးအတိုင်းအတာတွင် တွေ့ နိုင်ပါသည်။ စစ်ကောင်စီနှင့် အသစ်ပေါ်ထွက်လာသော ဒေသကာကွယ်ရေးတပ်များ (LDF) အကြား ပဋိပက္ခ များ ဖြစ်ပေါ်လာခြင်းတို့နှင့် တစ်ပြိုင်တည်း ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်သည် လက်နက်ခဲ ယမ်း လိုအပ်မှုများလာခြင်းကြောင့် သတ္တုတူးဖော်ခြင်းနှင့် သစ်ထုတ်လုပ်မှုများ ချဲ့ထွင်လုပ်ကိုင်လာသည် ကို တွေ့ရသည်။ မတည်ငြိမ်သေးသောကာလအတွင်း သတ္တုတူးဖော်ရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာ ခြင်းတို့ကြောင့် ဆိုးရွားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများဖြစ်သည့် သစ်တောပြုန်းတီးခြင်း၊ ရေအရင်းအမြစ်များ ညစ်ညမ်းလာခြင်းနှင့် စိုက်ပျိုးမြေများ ပျက်စီးလာခြင်းများ အတိုင်းအဆမဲ့ ဖြစ်ပေါ်လာ စေသည်။ ကချင်နှင့် စစ်ကိုင်း မှ စာတမ်းတင်ပြချက်များသည် တူညီသောထိခိုက်မှုများကို ဖော်ပြနေပြီး စစ် ကောင်စီနှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ သယံဇာတ ထုတ်ယူသုံးစွဲနေ ခြင်း၊ လယ်သမားများနှင့် ရွှေ့ပြောင်းဒုက္ခသည်များသည် သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် ဝမ်းစာရှာဖွေရေး အတွက် ဝင်ရောက်လုပ်ကိုင်ခြင်း စသဖြင့်တွေ့မြင်နိုင်သည်။[၄]

သဘာဝသယံဇာတအရင်းအမြစ်များသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးဘောဂဗေဒဆိုင်ရာ ဖြစ်စဉ်ကို ပုံဖော် ရာတွင် အရေးကြီးသော အခန်းကဏ္ဍအဖြစ် ပါဝင်ပါသည်။ နိုင်ငံ၏ ၇၀% ကျော်သော ပြည်သူများအတွက်[၅] စိုက်ပျိုးမြေများ၊ သစ်တောများ၊ စမ်းချောင်းများနှင့် မြစ်ချောင်းများသည် ကြွယ်ဝသော အသက်မွေးဝမ်း ကြောင်းလုပ်ငန်းများ၊ အစားအသောက်ဖူလုံမှုနှင့် ရိုးရာဓလေ့များ ဖြစ်ထွန်းလာစေပြီး လုံလောက်သော ဝင်ငွေ ရှာဖွေမှုများအတွက် လိုအပ်ချက်များကို ကိုယ်စားပြုသည်။ အရေးကြီးသော အချက်တစ်ချက်မှာ ပြည်တွင်း နှင့် နိုင်ငံတကာ အသိုင်းအဝန်းများ၏ သဘာဝ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဖြစ်စဉ်များအပေါ် စိတ်ဝင်စား လုပ်ဆောင်မှုများမှာ ယနေ့ထက်တိုင် နည်းပါးနေသေးသည်ဟုဆိုရမည်။ ဤစာတမ်း တင်ပြချက် တွင် တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝသယံဇာတ စီမံအုပ်ချုပ်မှုနှင့် မမှန်မကန် ထုတ်ယူသုံးစွဲမှုတို့နှင့် သက်ဆိုင်သည့် လိုအပ်သော အသေးစိတ်အချက်အလက်များကို ဖော်ပြပါသည်။

၄ Global Witness. 2022. Myanmar’s poisoned hills. https://www.globalwitness.org/en/campaigns/natural-resource-governance/myanmars-poisoned-mountains/
၅ FAO.2022. Myanmar Response Overview 2022. Available at: https://www.fao.org/3/cc0700en/cc0700en.pdf

# နိဒါန်း

သယံဇာတအရင်းအမြစ်များသည် မြန်မာနိုင်ငံ၏ စီးပွားရေးအတွက် အရေးကြီးဆုံးသော အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ များပြားသော ရေနံနှင့် သဘာဝ ဓါတ်ငွေ့များ၊ ကျောက်စိမ်း၊ သစ်မာ၊ ပယင်း၊ ကျောက်မျက်ရတနာ များ၊ ရွှေ၊ ကျောက်မီးသွေး၊ သံနှင့် မြေရှားသတ္တု စသည်တို့သည် မြန်မာ့စီးပွားရေး ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး၏ (၆%) ကျော်၊ နိုင်ငံအခွန်ဘဏ္ဍာငွေ၏ (၂၃.၆%)၊ နိုင်ငံတင်ပို့ကုန်၏ (၃၈.၅%) နှင့် အခြား ကြီးမားသော ဈေးကွက်စီးပွားရေးတွင်လည်း ပါဝင်ပါသည်။[၆] သယံဇာတ အရင်းအမြစ်များ သည် စီးပွားရေး၏ အရေးပါမှု ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ၏ လူမှုရေး၊ နိုင်ငံရေးနှင့် နှစ်ပေါင်း (၇၀) ကျော်ကြာ လက်နက်ကိုင် ပဋိပက္ခတို့ ဖြင့် တိုက်ရိုက်ဆက်နွယ်နေပါသည်။

ဒီမိုကရေစီနဲ့ လွတ်လပ်သော အတွေးအခေါ် (လစ်ဘရယ်ဝါဒ) ထွန်းကားမှုစတင်သည့် ဆယ်စုနှစ်တွင် (၂၀၁၁ - ၂၀၂၁) မြန်မာ့ သယံဇာတဆိုင်ရာလုပ်ငန်းများ ကြီးမားသောပြောင်းလဲမှုနှင့် တွေ့ကြုံရသည်။ မြန်မာ့ သယံဇာတဆိုင်ရာလုပ်ငန်းများနှင့်  စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များတွင် လူမှုအဖွဲ့အစည်းများ ဝင်ရောက် စွက်ဖက်မှုများ၊ ပါဝင်ခွင့်များ တိုးတက်လာခြင်းက ယခင် ပွင့်လင်းမြင်သာမှုမရှိခြင်းနှင့် အကျင့်ပျက် ခြစားမှု များ ရှိနေသည့်အနေအထားမှသည် ပွင့်လင်းမြင်သာမှုရှိလာစေရန် အတိုင်းအတာတစ်ခုအထိ လုပ်ဆောင်နိုင် ခဲ့သည်။[၇] ထို့အခြေအနေတွင် နိုင်ငံတကာ ကုမ္ပဏီများသည် သယံဇာတဆိုင်ရာ လုပ်ငန်းများတွင် ရင်းနှီးမြှုပ် နှံလာကြသည်။ တိုးတက်မှုတချို့ ရှိခဲ့သော်လည်း မြေယာဈေးကွက်များကို လွတ်လပ်မှုပေးခြင်း၊ ပြည်တွင်း နှင့် နိုင်ငံတကာအခြေပြု မြေယာရင်းနှီးမြှုပ်နှံမှုများပြားလာခြင်း စသည်တို့သည် တိုးတက်မှုများအဖြစ် တွေ့ မြင်ရသော်လည်း အထူးသဖြင့် ဆယ်စုနှစ်များစွာကြာ ပြည်တွင်းစစ် ဖြစ်ပွားခဲ့သည့် အပစ်အခတ်ရပ်စဲရေး ဒေသများတွင် မြေယာဆုံးရှုံးမှု ပုံစံအသစ်များဖြစ်ပေါ်လာသည်ကိုတွေ့ရသည်။[၈] ဤ သယံဇာတဆိုင်ရာ လုပ်ငန်းများသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လက်နက်ကိုင် ပဋိပက္ခများနှင့် နီးနွယ်နေသည်။ မြန်မာ့ စစ်တပ်သည် မြေယာနှင့် သယံဇာတ အရင်းအမြစ်ဆိုင်ရာလုပ်ငန်းများကို လက်နက်ကိုင်အဖွဲ့များအား ပေးပြီး ပြည်တွင်းနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ ဒေသတွင်းသို့ ဝင်ရောက်လာစေရန် ဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံ တောင်ပိုင်းအစွန်တွင်ရှိသည့် တနင်္သာရီတိုင်း ဒေသကြီးသည် သဘာဝ သယံဇာတဆိုင်ရာ ပဋိပက္ခ ပုံဥပမာများရှိသည့် ဒေသဖြစ်သည်။ ထိုဒေသတွင် ကြွယ်ဝသော သယံဇာတအရင်းအမြစ်များဖြစ်သည့် သစ် များ၊ ကျောက်မျက်ရတနာများ၊ ရွှေနှင့် ပုလဲများ၊ ကျောက်မီးသွေး၊ သံသတ္တု နှင့် သတ္တုရိုင်းများ၊ သဘာ ဝ ဓါတ်ငွေ့များအပြင် မြန်မာစစ်တပ်နှင့် ကရင်အမျိုးသားအစည်းအရုံးအဖွဲ့ကြား အပစ်အခတ် ရပ်စဲရေးနှင့် ပဋိပက္ခများ နှစ်ပေါင်း (၇၀) ကျော်ကြာတည်ရှိခဲ့သည်။

အပစ်အခတ်ရပ်စဲရေးကာလ (၂၀၁၁-၂၀၂၁) အတွင်းတွင် မြေယာနှင့် သယံဇာတအခြေပြု ရင်းနှီးမြှုပ်နှံ မှုများ ဖြစ်သည့် ဆီအုန်းစိုက်ပျိုးရေး တိုးချဲ့မှုအနေဖြင့် ကြီးမားကျယ်ပြန့်သော အခြေခံအဆောက်အအုံ တည်ဆောက်မှုနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများ လုပ်ဆောင်ခွင့်ရလာခဲ့သည်။ တစ်ပြိုင်နက်တည်း ထိုဒေသ တွင် သဘာဝထိန်းသိမ်းရေးနှင့် ကာကွယ်တောဧရိယာများ ချဲ့ထွင်သတ်မှတ်လာမှုများကို ဆင့်ကဲဆောင်ရွက် လာကြသည်။  စီးပွားဖြစ် စီမံကိန်းကြီးများနှင့် ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းကြီးများသည် မတည်ငြိမ် သော အပစ်အခတ်ရပ်စဲရေးလုပ်ငန်းအပေါ် ဖိအားသက်ရောက်မှု များလာသည်နှင့်တစ်ပြိုင်နက် တနင်္သာရီ တိုင်းဒေသကြီးအတွင်း ဒေသခံလူထုများသည် မြေယာနှင့် သစ်တောများ ဆုံးရှုံးမှုများကို ကြုံတွေ့လာခဲ့

၆ Open Development Myanmar. 2016. Extractive Indistries. Available at: https://opendevelopmentmyanmar.net/topics/extractive-industries/

၇ Vijge, M.J., Metcalfe, R., Wallbott, L. and Oberlack, C., 2019. Transforming institutional quality in resource curse contexts: The Extractive Industries Transparency Initiative in Myanmar. Resources policy, 61, pp.200-209.

၈ Suhardiman, D., Kenney-Lazar, M. and Meinzen-Dick, R., 2019. The contested terrain of land governance reform in Myanmar. Critical Asian Studies, 51(3), pp.368-385

သည်။[၉] စစ်တပ်အာဏာသိမ်းမှုပြီးနောက် သဘာဝသယံဇာတ စီမံအုပ်ချုပ်မှုနှင့်သက်ဆိုင်သည့် နိုင်ငံရေးဘောဂဗေဒနှင့် သယံဇာတထုတ်ယူသုံးစွဲသည့် ကိစ္စများမှာ ထင်ရှားသည့်အပြောင်းအလဲ ဖြစ်လာလေသည်။

မြန်မာနိုင်ငံအတွင်းပြုလုပ်သော သုတေသနစာတမ်းများသည်  မြန်မာ့စစ်တပ်နှင့် လက်နက်ကိုင်အဖွဲ့အစည်းများ တားမြစ်ထားသည့် အသေးစားနှင့် အလတ်စား သယံဇာတတူးဖော်ရေးလုပ်ငန်းများ များပြားကျယ်ပြန့်လာမှုကို ဖော်ပြနေသည်။ အဘယ်ကြောင့်ဆိုသော် ပျက်စီးယိုယွင်းလာသော စည်းမျဉ်းဥပဒေများ သည် သဘာဝပတ်ဝန်းကျင်၊ မြေယာနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများစွာကို ဖြစ်ပေါ်စေသည့်အပြင်သက်ဆိုင်ရာဒေသတွင်း မြေယာနှင့် သယံဇာတများကို ထိန်းသိမ်းကာကွယ်ပေးသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသူများနှင့် လူမှုအဖွဲ့အစည်းများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများလည်း မြင့်မားလာသည်။[၁၀]

ဤစာတမ်းသည် စစ်အာဏာသိမ်းပြီးကာလ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ပြောင်းလဲလာမှုသည် တနင်္သာရီ တိုင်းဒေသကြီးအတွင်း သဘာဝသယံဇာတလုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှုရှိသည်ကို လေ့လာတင်ပြထားသည်။ ပထမပိုင်းတွင် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ပြောင်းလဲလာသော စီမံအုပ်ချုပ်မှု၊ ပဋိပက္ခနှင့် လုံခြုံရေး နှင့် သယံဇာတ အရင်းအမြစ်များ စီမံခန့်ခွဲမှုအခန်းကဏ္ဍတွင် ပတ်သက်ဆက်နွယ်သည့် အုပ်စုများအကြောင်း၊ ထို့နောက် ဤစာတမ်းသည် ပဋိပက္ခများနှင့် တရားဥပဒေယိုယွင်းမှုကြားမှ သဘာဝသယံဇာတအရင်းအမြစ်များ စည်းကမ်းမဲ့ထုတ်ယူသုံးစွဲမှု၊ စီမံမှုနှင့် ထုတ်ကုန်တန်ဖိုးကွင်းဆက်များ၏ အခြေအနေများကို လေ့လာတင်ပြထားသည်။

ထို့ပြင် ဤစာတမ်းသည် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ထိန်းကျောင်းမှုကင်းမဲ့သော သယံဇာတ ထုတ်ယူသုံးစွဲမှုကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ပြည်သူလူထုများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုများ တိုးပွားခံစားလာရခြင်းများကို တင်ပြထားသည်။ မြန်မာနိုင်ငံ၏ အခြားသောဒေသများတွင် သဘာဝသယံဇာတ စီမံခန့်ခွဲမှုနည်းလမ်းများနှင့် အဆိုပြုထောက်ခံချက်များကို တင်ပြထားပါသည်။

၉ See reports by Tanintharyi civil society organisations – included in bibliography
၁၀ Global Witness. 2022. Myanmar’s poisoned mountains. Available at: https://www.globalwitness.org/en/campaigns/natural-resource-governance/myanmars-poisoned-mountains/

# သုတသေန နည်းနာ

ဤစာတမ်းအတွက် တနင်္သာရီတိုင်းဒေသကြီးတွင် မြေယာနှင့် သဘာဝသယံဇာတ ထိန်းသိမ်းခြင်းလုပ်ငန်းများ လုပ်ဆောင်သော အရပ်ဖက်အဖွဲ့အစည်း (၅) ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးမှုအတွင်းတွင် သဘာဝသယံဇာတ အရင်းအမြစ်များ စီမံအုပ်ချုပ်မှုနှင့်သက်ဆိုင်သော အရေးကြီးသော အကြောင်းအရာများ ပါဝင်ပါသည်။ ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးအတွင်း တစ်ဦးချင်း မေးမြန်းခြင်းအတွက် (၉) ဦး၊ အုပ်စုလိုက် မေးမြန်းခြင်းအတွက် (၄) အုပ်စုတို့ကို လူတွေ့မေးမြန်းပြီး တက်ကြွပါဝင်သူ (၂၃) ဦးအား မိုဘိုင်းလ်ဖုန်းဖြင့် မေးမြန်း ဆွေးနွေးထားပါသည်။ မတူညီသော မြို့နယ်သုံးမြို့နယ်မှ ကျေးရွာ (၆) ရွာတွင်ရှိသော ဒေသခံများ၊ ကရင်အမျိုးသားအစည်းအရုံး ဗဟို မှ တာဝန်ရှိသူများနှင့် ပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးလုပ်ဆောင်သည့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပါဝင်ပါသည်။

ထို့နောက် Global Forest Watch နည်းလမ်းဖြင့် ဂြိုလ်တုပုံရိပ်များကို အသုံးပြုပြီး ရရှိလာသော အချက်အလက်များကို ဆန်းစစ်သုံးသပ်ပြီး သစ်တောပြုန်းတီးသော ဧရိယာများကို လေ့လာပါသည်။ ဆက်လက်ပြီး ထုတ်ဝေထားသောစာတမ်းများအား လေ့လာဆန်းစစ်သည့်နည်းလမ်းဖြင့် မြန်မာနိုင်ငံနှင့် ကိုက်ညီသော မြေယာ၊ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတ စီမံအုပ်ချုပ်မှုစာတမ်းများနှင့် ဆောင်းပါးများကို လေ့လာသုံးသပ်ထားသည်။

မြန်မာနိုင်ငံ၏ ဆိုးရွားလာသော လုံခြုံရေးအခြေအနေများသည် သုတေသနလုပ်ငန်းစဉ်အတွက် ကန့်သတ်မှုများကို ဖြစ်ပေါ်စေပါသည်။ ပထမဆုံးအနေဖြင့် သုတေသနအဖွဲ့သည် နေရာ (၄) နေရာတွင် ကွင်းဆင်းပြုစုရန် စီစဉ်ထားသော်လည်း (၁) နေရာတွင်သာ ကွင်းဆင်းပြုစုနိုင်ခဲ့ပါသည်။ အချို့နေရာများတွင် ဖုန်းဖြင့်သာ မေးမြန်းဆွေးနွေးခွင့်ရခဲ့ပြီး အချို့သော လူတွေ့ဆွေးနွေးမှုများမှာ မေးမြန်းသူနှင့် ဖြေဆိုသူတို့သည် လမ်းခုလတ်တွင် တွေ့ဆုံရပြီး အချက်အလက်ကောက်ယူခြင်းကို ပြုလုပ်ရသည်အထိ ကန့်သတ်မှုများ ကြုံတွေ့ခဲ့ရပါသည်။ ဒုတိယအနေဖြင့် ယခုကာလတွင် ခိုင်လုံသော တရားဝင်သတင်းအချက်အလက်များ ရရှိမှုနှင့် စုဆောင်းနိုင်မှုများသည် ခက်ခဲခဲ့ပြီး အန္တရာယ်တွေ့ကြုံရနိုင်ခြေ များပါသည်။ လုံခြုံရေးအခက်အခဲများကြောင့် စစ်ကောင်စီ၏ တာဝန်ရှိသောသူများနှင့် မေးမြန်းဆွေးနွေးနိုင်ခြင်း မရှိသောကြောင့် ၎င်းတို့ပေါ်လစီနှင့် လုပ်ဆောင်မှုများအား သိရှိနိုင်မှုမှာ အကန့်အသတ်ရှိပါသည်။

# အပိုင်း (၁)
## တနင်္သာရီ တိုင်းဒေသကြီးအတွင်း သဘာဝသယံဇာတ အရင်းအမြစ်များ စီမံအုပ်ချုပ်မှု

## စစ်တပ်အာဏာမသိမ်းမီ သယံဇာတ စီမံခန့်ခွဲအုပ်ချုပ်မှု

အရှေ့တောင်အာရှ၏ အကြီးမားဆုံးနှင့် အကျယ်ပြန့်ဆုံးသော အမြဲစိမ်းသစ်တောရှိသည့် တနင်္သာရီတိုင်းဒေသကြီးသည် မျိုးတုန်းပျောက်ကွဲနိုင်သည့် ကမ္ဘာ့ဇီဝမျိုးကွဲ သက်ရှိများအတွက် အရေးကြီးသော ဇီဝဂေဟစနစ်ကြီးကို ပိုင်ဆိုင်ထားသည်။ ထို့အပြင် အမျိုးအစားစုံလင်သော သစ်မာသစ်တောများနှင့် ခါတ်သတ္တုများသည် ခေတ်အဆက်ဆက် ကိုလိုနီအစိုးရ၊ စစ်အစိုးရနှင့် အရပ်သားအစိုးရ လက်ထက်များတွင် စည်းကမ်းမဲ့ ထုတ်ယူသုံးစွဲကာ ဖျက်ဆီးခြင်းကိုခံခဲ့ရသည်။[၁၁] ထိုဒေသသည် စီမံခန့်ခွဲအုပ်ချုပ်မှု အားနည်းသော မြန်မာအစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံးတို့၏ နှစ်ဖက်သော အုပ်ချုပ်မှုအောက်တွင် တည်ရှိနေပြီး သဘာဝသယံဇာတ စီမံခန့်ခွဲမှုမှာလည်း ပုံစံအမျိုးမျိုး ဖြင့်ရှိနေပါသည်။

တနင်္သာရီတိုင်းဒေသကြီးသည် သမိုင်းအစဉ်အလာအရ သယံဇာတအရင်းအမြစ်များ ထုတ်ယူသုံးစွဲခြင်း ခံရသည့် နေရာတစ်ခုဖြစ်ပါသည်။ ဗြိတိသျှအင်ပါယာ၏ တိုက်ခိုက်သိမ်းသွင်းမှုကို ၁၈၂၆ ခုနှစ်တွင် ခံခဲ့ရပြီး ထိုဒေသသည် ကျွန်းသစ်များ ထုတ်လုပ်ရန်နှင့် တင်ပို့ရန်၊ အင်ပါယာ၏ သင်္ဘောများ တည်ဆောက်ရန်အတွက် သစ်မာများ၊ အခြားအရေးပါသော သတ္တုများနှင့် အဖြိုက်နက်များ ထုတ်ယူသုံးစွဲရန် အခြေစိုက်သည့်နေရာလည်းဖြစ်ခဲ့ပါသေးသည်။[၁၂] ကိုလိုနီအုပ်ချုပ်ရေးအောက်တွင် သစ်တောများ လျှင်မြန်စွာ ခုတ်ယူအသုံးပြုလာခြင်းများကြောင့် ဌာနဆိုင်ရာများ၊ မူဝါဒများ နှင့် ဥပဒေများ ချမှတ်ကာ သဘာဝသယံဇာတအရင်းအမြစ်ထုတ်ယူသုံးစွဲမှု နှင့် အုပ်ချုပ်စီမံရေးလုပ်ငန်းစဉ်များ ရေးဆွဲခဲ့ပြီး ထိုအုပ်ချုပ်စီမံရေးလုပ်ငန်းစဉ်များ မှာယနေ့ထိတိုင် တည်ရှိနေသေးသည်။[၁၃]

၁၉၄၇ ခုနှစ် ဒီဇင်ဘာလတွင် တနင်္သာရီတိုင်းဒေသကြီးဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဗဟိုလက်နက်ကိုင်တပ်များအကြား ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့ပြီး၊ ထိုနေရာတွင်ပင် ပဋိပက္ခနှင့် အပစ်အခတ်ရပ်စဲရေး စသည့်ကိစ္စရပ်များ ဖြစ်ပွားလာခဲ့သည်မှာလည်း ယခုထိဖြစ်သည်။[၁၄] ၁၉၉၀ နှင့် ၂၀၀၀ ပြည့်နှစ်များတွင် စစ်တပ်၏ စစ်ဆင်ရေးများ ခံရပြီးနောက်ပိုင်း တနင်္သာရီတိုင်းဒေသကြီးသည် မြေယာနှင့် သယံဇာတ အခြေပြုရင်းနှီးမြှုပ်နှံရေးအတွက် ပြည်တွင်း၊ ပြည်ပ၏ စိတ်ဝင်စားခြင်းကိုခံခဲ့ရသည်။ ထိုအစီအစဉ်များထဲတွင် (၁၉၆) စတုရန်းကီလိုမီတာ ကျယ်သော အထူးစီးပွားရေးစက်မှုဇုန်၊ ပြင်သစ်နှင့် အမေရိကန် ကုမ္ပဏီကြီးများ၏ ရေနံနှင့် ဓါတ်ငွေ့ ထုတ်ယူသုံးစွဲမှုများ၊ ကြီးမားသော စီးပွားဖြစ်စိုက်ပျိုးရေး၊ ပုလဲမွေးမြူရေး၊ သံ သတ္တုနှင့် သတ္တုရိုင်းများ၊ ရွှေတူးဖော်မှုများ၊ သစ်ခုတ်ယူမှုများ နှင့် ကြီးမားသော ထိန်းသိမ်းရေးဧရိယာများ စသည်တို့ကို အကောင်အထည်ဖော်မှုများ များပြားလာသည်။[၁၅] အပစ်အခတ်ရပ်စဲရေးနေရာဒေသတွင် မြေယာအခြေပြုရင်းနှီးမြှုပ်နှံရေး ပြုလုပ်ဆောင်ရွက်ခြင်းသည် အပစ်အခတ်ရပ်စဲအရင်းရှင်စနစ် ဖြစ်ပေါ်စေပြီး အငြင်းပွားရာနယ်မြေတွင် စစ်တပ်၏ နယ်မြေချဲ့ထွင်စိုးမိုးမှုကို ဖြစ်ပေါ်စေသည်။[၁၆]

၁၉၉၉ ခုနှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရမှ အောက်မြန်မာပြည်အား မြန်မာပြည်၏ ဆန်အိုးကြီးအဖြစ် ကြေညာအားထားသကဲ့သို့ တနင်္သာရီတိုင်းဒေသကြီးအား မြန်မာပြည်၏ ဆီအိုးကြီး အဖြစ် ရည်မှန်းပြီးနောက် ၂၀၁၃ ခုနှစ်တွင် (၁.၉) သန်း၊ မြေဧက (၇၆၈,၉၀၂ ဟက်တာ)ကို ဆီအုန်းစိုက်ပျိုးထုတ်လုပ်ရန်အတွက် ပြည်တွင်းကုမ္ပဏီပေါင်း (၄၀) နှင့် နိုင်ငံခြားကုမ္ပဏီများ (၄) ခုကို လုပ်ပိုင်ခွင့်

၁၁ Aung, S.S., Shwe, N.M., Frechette, J., Grindley, M. and Connette, G., 2017. Surveys in southern Myanmar indicate global importance for tigers and biodiversity. Oryx, 51(1), p.13.
၁၂ Bryant, R.L., 1994. From laissez-faire to scientific forestry: Forest management in early colonial Burma, 1826– 85. Forest and Conservation history, 38(4), pp.160-170
၁၃ Bryant, R.L., 1997. The Political Ecology of Forestry in Burma, 1824-1994: 1824-1994. University of Hawaii Press
၁၄ Smith, M., 2007. State of strife: The dynamics of ethnic conflict in Burma (Vol. 36). Institute of Southeast Asian Studies.
၁၅ Please see extensive reports from civil society organisations, including Tarkapaw, DDA, TRIPNET, Southern Youth, Candlelight, Earthrights international. References are included in bibliography
၁၆ Woods, K., 2013. Ceasefire capitalism: military–private partnerships, resource concessions, and military–state building in the Burma–China borderlands. In New Frontiers of Land Control (pp. 87-110). Routledge.

ပေးခဲ့သည်။[၁၇] ဒေသတွင်း လျင်မြန်ကျယ်ပြန့်စွာ မြေယာသိမ်းဆည်းမှုများ ဖြစ်ပေါ်ခဲ့သော်လည်း (၃၄%) သာ ဆီအုန်းစိုက်ပျိုးခဲ့ပြီး များပြားလှသော သစ်တောမြေယာများသည် သစ်ထုတ်လုပ်မှုအတွက် ဖြစ်လာခဲ့သည်။[၁၈] ထိုအချိန်တွင် သတ္တုတူးဖော်ရေးလုပ်ငန်း တိုးချဲ့မှုများလည်းရှိလာခဲ့ပြီး မြန်မာ၊ ထိုင်း နှင့် တရုတ်ကုမ္ပဏီများ သည် လုပ်ပိုင်ခွင့်များကို မြန်မာအစိုးရ(ဗဟို) နှင့် ကရင်အမျိုးသားအစည်းအရုံးထံမှ ရရှိခဲ့ပြီး ဒေသတွင်းတွင် တွင်းထွက်သတ္တု တူးဖော်ခြင်းများ၊ ကျောက်မီးသွေးများနှင့် ရွှေတူးဖော်ခြင်းများ လုပ်ဆောင်ခဲ့ကြသည်။ ယိုယွင်းနေသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိန်းသိမ်းမှု ဥပဒေစည်းမျဥ်းများကြောင့် ဒေသခံပြည်သူလူထုများသည် မြေယာဆုံးရှုံးမှုများ၊ သစ်တောဆုံးရှုံးမှုများနှင့် ရေအရင်းအမြစ် ညစ်ညမ်းမှုများကို ကြုံတွေ့ကြရသည်။[၁၉]

တနင်္သာရီတိုင်းဒေသကြီး၏ သစ်တောနေရာများသည် ကရင်အမျိုးသားအစည်းအရုံးနှင့် မြန်မာအစိုးရ (ဗဟို) တို့၏ နှစ်ဖက်အုပ်ချုပ်ရေးသက်ရောက်သော နယ်မြေများတွင်တည်ရှိသည်။ နှစ်ဖက်စလုံး၏ အုပ်ချုပ်ရေးယန္တရားသည် သယံဇာတများကို ထုတ်ယူသုံးစွဲသည့်နည်းတူ ဇီဝမျိုးစုံ၊ မျိုးကွဲ ထိန်းသိမ်းရေးနယ်မြေများ အပြိုင် ဖော်ဆောင်လာကြသည်။ မြန်မာအစိုးရစီမံချက်သည် ဧက (၃.၅) သန်းကျယ်သော ထိန်းသိမ်းရေးဇရိယာ ဖော်ဆောင်ရန်ရှိပြီး ကော်သူးလေ သစ်တောဌာန[၂၀]သည် (၁၀၄,၀၀၀) ဧက ကျယ်ဝန်းသော ကျေးရွာ ဘုံပိုင်သစ်တော (၄၁) ခုကိုဖော်ဆောင်ခဲ့သည်။ အားကောင်းသော အရပ်ဖက်လူမှု အဖွဲ့အစည်းကွန်ယက်များနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများသည် ဓလေ့ထုံးတမ်းဆိုင်ရာ ထိန်းသိမ်းရေးနှင့် အလေ့အကျင့်များအပေါ်အခြေတည်သော ကျေးရွာလူထုပူးပေါင်းပါဝင်သည့် ထိန်းသိမ်းရေးလုပ်ငန်းများကို ဖန်တီးဖော်ဆောင်လာခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးသည် တစ်ဖက်တွင် စီးပွားဖြစ်လုပ်ငန်းများ ချဲ့ထွင်ဆောင်ရွက်လာမှုအား ကာကွယ်ရန် ဒေသခံလူထုများ၏ မြေယာနှင့်သစ်တော ထိန်းသိမ်းရေးအပေါ် ကြိုးစားအားထုတ်မှု အားကောင်းသော်လည်း အခြားတစ်ဖက်တွင် မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးမှုအမြင့်ဆုံး နေရာဒေသတစ်ခုလည်း ဖြစ်ပြန်သည်။ ၂၀၂၁ စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ နိုင်ငံရေးဘောဂဗေဒဆိုင်ရာ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲမှုအသွင်သို့ ပြောင်းလဲခဲ့သည်။ ပဋိပက္ခများ တိုးများလာခြင်း၊ အုပ်ချုပ်မှုယန္တရားများ ပြိုလဲလာခြင်းနှင့် စုပေါင်းလုပ်ဆောင်နိုင်မှုများအတွက် နေရာကျဥ်းမြောင်းလာခြင်းတို့သည် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေးကိစ္စရပ်များ ပိုမိုခက်ခဲကျပ်တည်းလာမည်ကို ညွှန်ပြနေသည်။

## သဘာဝသယံဇာတ အရင်းအမြစ်များနှင့်သက်ဆိုင်သည့် ပြောင်းလဲလာသော အဖွဲ့အစည်းများ၊ စီမံအုပ်ချုပ်မှုနှင့် ပဋိပက္ခ ဖြစ်စဥ်များ

စစ်တပ်အာဏာသိမ်းခြင်းကြောင့် ဖြစ်ပေါ်လာသည့် အခင်းအကျင်းတစ်ခုသည် အဖွဲ့အစည်းအချို့၏ လုပ်ငန်းများကို ရပ်တန့်စေသော်လည်း အခြားသောအဖွဲ့အစည်းများအတွက်မူကား လုပ်ငန်းများဖွင့်ပေးလိုက်သကဲ့သို့ ဖြစ်နေခဲ့သည်။ ပဋိပက္ခအရှိန်မြင့်လာခြင်းသည် သယံဇာတစီမံခန့်ခွဲမှုများအပေါ် စစ်ရေးနှင့် လက်နက်အင်အားများ တို့ချဲ့မှုကိုဖြစ်လာစေပြီး လက်နက်ရှိအဖွဲ့အစည်းများအတွက် သယံဇာတအပေါ် အမြတ်ထုတ်ရန် လက်နက်မဲ့ အဖွဲ့အစည်းများထက် အခွင့်အရေးပိုရလာသည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝသယံဇာတ ထုတ်ယူသုံးစွဲမှုတွင် ဦးစွာပါဝင်ပတ်သက်သောအဖွဲ့အစည်းများမှာ တိုင်းဒေသကြီးစစ်အစိုးရ၊ ဗဟိုစစ်အစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံး - မြိတ်၊ ထားဝယ်ခရိုင်တို့ ဖြစ်သည်။

၁၇ ALARM, et.al. Green Desert: Communities in Tanintharyi Region Renounce the MSPP Oil Palm Concession. At: https://eia-international.org/wp-content/uploads/Green-Desert-FINAL.pdf
၁၈ Onemap, 2020. Regional Oil Palm Assessment. Unviersity of Bern.
၁၉ Tarkapaw., 2016. We used to fear bullets, now we fear bulldozers. Dawei, Myanmar.
၂၀ The Kawthoolei Forest Department (KFD) is the forest department administered under the KNU

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (စကစ)

ပဋိပက္ခ အရှိန်အဟုန်မြင့်လာသည်နှင့်အမျှ တနင်္သာရီတိုင်းဒေသကြီးအတွင်း စကစ ၏ အုပ်ချုပ်ရေးနယ်မြေအများအပြား လျော့နည်းလာသည်။ သို့သော်လည်း စစ်တပ်သည် သဘာဝသယံဇာတ ထုတ်ယူသုံးစွဲမှုတွင် အဓိက ပါဝင်ပတ်သက်နေပြီး သစ်တောတူးဖော်ခြင်းနှင့် အထူးစီးပွားရေးလုပ်ကွက်အား လုပ်ပိုင်ခွင့်ချထားပေးခြင်းကိုမူ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ တစ်ချို့သောလုပ်ပိုင်ခွင့်များကို တိုင်းဒေသကြီးစစ်အစိုးရထားဝယ်နှင့် ဗဟို စစ်အစိုးရနေပြည်တော်မှ ခွင့်ပြုပေးသော်လည်း လုပ်ပိုင်ခွင့်အများအပြားကို စကစ တပ်ပိုင်းဆိုင်ရာမှလည်း တရားမဝင် လုပ်ပိုင်ခွင့်ပေးလျက်ရှိသည်။ ပဋိပက္ခအရှိန်မြင့်လာခြင်းနှင့် အုပ်ချုပ်ရေးယန္တရား အရည်အသွေးများ ပြိုလဲကျဆင်းလာမှုများကြောင့် စကစ တရားဝင်ဝန်ထမ်းများ မြေပြင်ပေါ်တွင်အုပ်ချုပ်နိုင်မှု နည်းပါးပြီး စစ်တပ်နှင့် ရင်းနှီးသော ခရိုနီကုမ္ပဏီများအား အကျိုးအမြတ်များစွာဖြင့် သိမ်းသွင်းကာ လုပ်ပိုင်ခွင့်များ ချပေးလျက်ရှိသည်။ တစ်ချို့သောအခြေအနေများတွင် စစ်တပ်နှင့် ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင်တို့သည် သစ်တောတူးဖော်ခြင်းနှင့် သစ်ထုတ်လုပ်မှုများကို နားလည်မှုဖြင့်ပူးပေါင်းလုပ်ဆောင်သည်ကိုလည်း တွေ့ရှိရသည်။

## ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင် (ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ ၄)[၂၁]

ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင်သည် တနင်္သာရီတိုင်းဒေသကြီးတွင် သဘာဝ သယံဇာတအရင်းအမြစ်များ စီမံအုပ်ချုပ်မှုတွင် အဓိကပါဝင်သော အဖွဲ့အစည်းဖြစ်သည်။ သယံဇာတ အရင်းအမြစ်များစီမံအုပ်ချုပ်မှုနှင့်သက်ဆိုင်သော မူဝါဒများနှင့် ဥပဒေများစွာကို လက်ကိုင်ထားရှိလျက် မြို့နယ်နှင့် ခရိုင် စသဖြင့် အဆင့်ဆင့် စီမံအုပ်ချုပ်ခြင်းရှိသကဲ့သို့ ပုဂ္ဂလိက အကျိုးစီးပွားရရှိရေးအတွက် သစ်တောမိုင်းခွဲခြင်းနှင့် သစ်ထုတ်လုပ်မှုတို့ကို လုပ်ဆောင်နေသည်ကိုလည်း တွေ့ရှိရသည်။ ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင်သည် ကရင်အမျိုးသားအစည်းအရုံး ဗဟိုမှ ကိုယ်ပိုင်အုပ်ချုပ်စီမံပိုင်ခွင့် အတိုင်းအတာတစ်ခုအထိရှိပြီးခရိုင်နှင့် မြို့နယ်အဆင့် ခေါင်းဆောင်များသည် အားနည်းလှသည့် ဗဟို၏ ကြီးကြပ်မှုအောက်တွင် သယံဇာတထုတ်ယူသုံးစွဲခြင်းနှင့် သစ်ထုတ်လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။

ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင်သည် တိုင်းဒေသကြီးအတွင်း စကစ နှင့် ဆက်သွယ်ဆက်ဆံရေး အားမကောင်းလှသော်လည်း စီးပွားရေးနှင့် အကောက်ခွန်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိပြီးဒေသတွင်းပဋိပက္ခ အနည်းအငယ်မျှသာရှိသည်။ ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင်သည်စစ်အာဏာသိမ်းပြီး နောက်တစ်ရက်တွင် ဗဟိုမှ ထုတ်ပြန်လိုက်သော ထုတ်ပြန်စာအရ မြို့နယ်အဆင့်တွင်အခြားသော ခုခံတော်လှန်ရေး လက်နက်ကိုင်အဖွဲ့များအတွက် လုံခြုံသောလမ်းကြောင်းနေရာများ ဖန်တီးပေးပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့် ရွှေ့ပြောင်းစစ်ဘေး ဒုက္ခသည်များအတွက် ကူညီပါဝင်လုပ်ဆောင်ပေးခဲ့သည်။ ခရိုင်အဆင့် ရုံးသည် စကစ နှင့် ဆက်ဆံရေးရှိနေပြီး  မည်သည့် ခုခံတော်လှန်ရေးလက်နက်ကိုင်အဖွဲ့ကိုမျှ လက်ခံခြင်းမပြုလုပ်ခဲ့ပါ။

## ကုမ္ပဏီများ

စစ်တပ်အာဏာမသိမ်းမီ တနင်္သာရီတိုင်းဒေသကြီးသည် မြေယာနှင့် သယံဇာတအခြေပြု ရင်းနှီးမြုပ်နှံမှုများကို ပြည်တွင်းနှင့် နိုင်ငံတကာကုမ္ပဏီကြီးများဖြစ်သည့် ထိုင်း၊ မလေးရှားနှင့် ကိုရီးယား ကုမ္ပဏီများအားလုပ်ကိုင်ခွင့်ပေးခဲ့သည်။ စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ကောင်စီ နှင့် ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ် ခရိုင်တို့၏ ကျောထောက်နောက်ခံပေးမှုဖြင့်လည်းကောင်း ၎င်းတို့ကိုယ်တိုင် ပိုင်ဆိုင်သည့်ကုမ္ပဏီများသည် တိုင်းဒေသများအတွင်းရှိ သစ်တောနှင့် ရွှေ မိုင်းခွဲတူးဖော်မှုများ သိသိသာသာ လုပ်ဆောင်လာသည်။ အင်အားကြီးမားသော ခရိုနီများနှင့် အထူးသဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုနီ

[၂၁] For the purposes of this report KNU-MTD refers to administrative body of KNU, and KNU 4th Brigade refers to it's military wing

များသည် အကျိုးအမြတ် စီးပွားရေးလုပ်ငန်းမျိုးစုံကို စိတ်ပါဝင်စားခြင်းကြီးစွာဖြင့် လုပ်ဆောင်ကြသည်။ စစ်အာဏာသိမ်းပြီးကတည်းက ဒေသတွင်း တရုတ်စီးပွားရေးလုပ်ငန်းများလည်း တစ်ဟုန်ထိုး များပြားလာသည်။

## တနင်္သာရီ အမျိုးသားများကွန်ဂရက်

တနင်္သာရီ အမျိုးသားများကွန်ဂရက်ကို မတ်လ ၂၀၂၁ တွင် စတင်တည်ထောင်ခဲ့ပြီး ဆန္ဒပြဦးဆောင်ကော်မတီအဖွဲ့ဝင်များ၊ တက်ကြွလုပ်ရှားသူများနှင့် ဒေသခံ ခေါင်းဆောင်များဖြင့် ဖွဲ့စည်းခဲ့သည်။ ထိုကွန်ဂရက်သည် မတူညီသော အဖွဲ့အစည်းများအတွက် ဖက်ဒရယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် စကြ်္ဘန် (ပလက်ဖောင်း) တစ်ခု ဖန်တီးပေးရန်ရည်ရွယ်ပြီး အရေးပေါ် လူသားချင်းစာနာထောက်ထားရေး အထောက်အပံ့များ ကူညီပေးရန်အတွက်လည်း ဦးတည်ချက်ထားရှိသည်။ တနင်္သာရီ အမျိုးသားများကွန်ဂရက်သည် အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီတို့နှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ခြင်း မရှိသော်လည်း တစ်ချို့သောလုပ်ငန်းများတွင် ပူးပေါင်းကူညီလုပ်ဆောင်သည်။

## အမျိုးသားညီညွတ်ရေးအစိုးရ (NUG)

စစ်အာဏာသိမ်းပြီးနောက် နိုင်ငံတစ်ဝန်း ဖယ်ဒရယ်ဒီမိုကရေစီမျှော်မှန်းချက်များ တိုးတက်လာစေရန်အတွက် စင်ပြိုင်အစိုးရတစ်ရပ် တည်ဆောက်ခဲ့သည်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သည် သဘာဝ သယံဇာတ စီမံအုပ်ချုပ်မှုနှင့်ပတ်သက်သည့် မူဝါဒနှင့် စာတမ်းများစွာ ထုတ်ပြန်ခဲ့သော်လည်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါ။ သို့သော်လည်း ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များသို့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ လမ်းညွှန်ချက်များသည် ရေရှည်တည်တံ့မှုမရှိသော၊ တရားမဝင်သော အရင်းအမြစ်မှထုတ်ယူသော အထိန်းအကွပ်မဲ့ သစ်ထုတ်လုပ်မှုများမှ အခွန်ဘဏ္ဍာကောက်ယူခြင်းကို တားမြစ်ထားသည်။

## ဒေသခံကာကွယ်ရေးတပ်များနှင့် ပြည်သူ့ကာကွယ်ရေးတပ်များ

တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသခံကာကွယ်ရေးတပ်များနှင့် ပြည်သူ့ကာကွယ်ရေးတပ်များ (၃၂) ဖွဲ့ လှုပ်ရှားလျက် ရှိနေပါသည်။[၂၂] ထိုတပ်များသည် သူတို့အား နေရာထိုင်ခင်းနှင့် စစ်သင်တန်းပေးသည့် အထူးသဖြင့် ကရင်အမျိုးသား ကာကွယ်ရေးတပ်ဖွဲ့ (KNDO) နှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) တပ်များ ထိန်းချုပ်ရာနေရာများတွင်သာ လှုပ်ရှားလျက်ရှိသည်။ ပြည်သူ့ကာကွယ်ရေးတပ်များသည် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ အမိန့်ပေးစနစ်အောက်တွင် လှုပ်ရှားဆောင်ရွက်နေသော်လည်း ဒေသခံကာကွယ်ရေးတပ် အများအပြားသည် တိုက်ခိုက်ရေးလုပ်ငန်းများကိုလွတ်လပ်စွာဆောင်ရွက်လျက်ရှိသည်။ ဒေသခံကာကွယ်ရေးတပ်များနှင့် ပြည်သူ့ကာကွယ်ရေးတပ်များ သည် စစ်ကောင်စီအား တိုက်ခိုက်လျှက်ရှိကာ တိုက်ပွဲအကြိမ်ရေပေါင်း (၅၀၀) ခန့် ရှိပြီဖြစ်ပြီး နယ်မြေစိုးမိုးနိုင်မှုမရှိသော်လည်း သယံဇာတ စီမံအုပ်ချုပ်မှုတွင် ပါဝင်ဆောက်ရွက်နိုင်သည့် အခန်းကဏ္ဍအနည်းငယ်ရှိသည်။

## အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ဒေသခံ လူမှုအဖွဲ့အစည်းများ

တနင်္သာရီတိုင်းဒေသကြီးတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ဒေသခံလူမှုအဖွဲ့အစည်းများ၏ သယံဇာတစီမံအုပ်ချုပ်မှုအပေါ် အရေးကြီးသောအခန်းကဏ္ဍတွင် ပါဝင်ပါသည်။ ဒေသခံလူမှုအဖွဲ့အစည်းများသည် ၎င်းတို့နေထိုင်ရာ ဒေသအတွင်းရှိ သယံဇာတများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ သယံဇာတ ထုတ်ယူသုံးစွဲသည့်ကိစ္စများအပါအဝင် ဒေသတွင်းတွင်ဖြစ်ပွားသော ကိစ္စရပ်များကို ဖြေရှင်းရာတွင်လည်းကောင်း ပါဝင်ဆောင်ရွက်နိုင်ရန်အလို့ငှာ ဖွဲ့စည်းထားခြင်းဖြစ်သည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ရှိနှင့်ပြီးသား ဒေသအုပ်ချုပ်ရေးစနစ်များကို အခြေပြုပြီး ဒေသခံလူထုများ စွမ်းဆောင်ရည် မြင့်တက်လာစေ

[၂၂] Southern Monitor. 2022. Accessed at: https://reliefweb.int/organization/southern-monitor Note: People's Defense Forces refer to armed units that sit under the NUG's command structure, while Local Defense Forces are ostensibly independent groups that are not part of the NUG structure.

ရန် တည်ဆောက်ပေးခြင်းနှင့် လူထုလှုပ်ရှားမှုများအတွက် ကူညီလုပ်ဆောင်ပေးသည်။ စစ်အာဏာသိမ်းပြီး နောက်ပိုင်းကတည်းက အရပ်ဖက်လူမှုအဖွဲ့အစည်း အများအပြားသည် လျှို့ဝှက် အလုပ်လုပ်ကိုင်ကြရပြီး ဒေသခံလူမှုအဖွဲ့အစည်းများအတွက်လည်း အလုပ်လုပ်ကိုင်ရန် ခက်ခဲသောအခြေအနေများ.တွေ့ကြုံရသည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ကွန်ယက်များ ချိတ်ဆက်ခြင်းဖြင့် ကရင်အမျိုးသားအစည်းအရုံး ဗဟိုနှင့် မီဒီယာများသို့ သတင်းပေးပို့ဆောင်ရွက်လျှက်ရှိသည်။

## ကရင်အမျိုးသားအစည်းအရုံး (ဗဟို)

ကရင်အမျိုးသားအစည်းအရုံး ဗဟို အလုပ်အမှုဆောင်ကော်မတီသည် ကရင်အမျိုးသားအစည်းအရုံး ဌာနချုပ် တွင် တည်ရှိသည်။ စီမံအုပ်ချုပ်ရေး ဌာနများစွာဖြင့် ဖွဲ့စည်းထားပြီး ကေအဲန်ယူအား နိုင်ငံရေးဦးဆောင်မှုနှင့် မူဝါဒချမှတ်မှုများ လုပ်ဆောင်ပေးသည်။ ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင်သည် ထိုမူဝါဒများအား လိုက်နာကျင့်သုံးသော်လည်း ကရင်အမျိုးသားအစည်းအရုံး ဗဟို အလုပ်အမှုဆောင်ကော်မတီအနေဖြင့် ခရိုင်အား ထိန်းချုပ်နိုင်ရန် အခက်အခဲများရှိနေသည်။ လွန်ခဲ့သောနှစ်များတွင် ရပ်ရွာနှင့် ဒေသခံလူမှုအဖွဲ့ အစည်းများသည် တနင်္သာရီတိုင်းဒေသကြီးအတွင်း ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင်နှင့် သက်ဆိုင်သော မကျေနပ်ချက်များကို ကရင်အမျိုးသားအစည်းအရုံး ဗဟို အလုပ်အမှုဆောင်ကော်မတီသို့ ဆက်သွယ်တိုင်ကြားနေကြသည်။

## ပဋိပက္ခနှင့် ထိန်းချုပ်မှုများ


၂၀၂၁ ခုနှစ် တွင် နိုင်ငံ၏အခြားဒေသများနည်းတူ တနင်္သာရီတိုင်းဒေသကြီးတွင်လည်း လက်နက်ကိုင် ပဋိပက္ခ များ ပြန်လည်ဖြစ်ပွားလာသည်။ ၂၀၂၁ ခုနှစ် ဧပြီလတွင် လူထုဆန္ဒပြပွဲများကို စစ်တပ်မှ အကြမ်းဖက် ဖြိုခွဲမှုများကြောင့် ပြည်သူများ အများအပြား ဒေသခံကာကွယ်ရေးတပ်များနှင့် ပြည်သူ့ကာကွယ်ရေးတပ်များ ဖွဲ့စည်းပြီး စစ်တပ်ကို ပြန်လည်ရင်ဆိုင် တိုက်ခိုက်ကြသည်။ လက်ရှိအချိန်ထိ တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသခံကာကွယ်ရေးတပ်များ (၃၂) ဖွဲ့ခန့်ရှိပြီး ကရင်အမျိုးသားအစည်းအရုံးနှင့် ကရင်အမျိုးသားကာကွယ်ရေး တပ်ဖွဲ့ (KNDO)[၂၃] ထိန်းချုပ်ရာ သစ်တောနယ်မြေများတွင် လှုပ်ရှားလျက်ရှိသည်။ ၂၀၂၂ ခုနှစ် ဩဂုတ်လအထိ ရရှိသော အချက်အလက်များအရ ပစ်ခတ်ထိတွေ့မှုပေါင်း (၅၅၅) ကြိမ်ကျော် ဖြစ်ပွားခဲ့ပြီး ဒေသတွင်း စစ်ဘေး ရှောင်ဒုက္ခသည်ပေါင်း (၄,၆၀၀) ကျော် ရှိလာသည်။ ဒေသခံကာကွယ်ရေးတပ်များနှင့် စစ်ကောင်စီတပ်များ ပစ်ခတ်ထိတွေ့မှုများ အများဆုံးဖြစ်ခဲ့ရာတွင် စစ်တပ် ကျောထောက်နောက်ခံပေးထား သည့် ပြည်သူ့စစ် နှင့် ပျူစောထီး အဖွဲ့များနှင့်လည်း ထိတွေ့မှုများရှိခဲ့သည်။ စစ်ကောင်စီ နှင့် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် တို့အကြား ထိတွေ့ပစ်ခတ်မှုများ အနည်းငယ်သာ ရှိခဲ့သည်။[၂၄] သုတေသနပြုစုရာတွင် ပါဝင် သောသူများ၏ အမြင်များအရ အကျိုးအမြတ်စီးပွားရေးဆက်ဆံမှု နက်ရှိုင်းမှုသည် စစ်ကောင်စီ နှင့် ကရင် အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင်ကြား တည်ငြိမ်သောဆက်ဆံရေးကို ထိန်းသိမ်းထား ပေးခြင်း ဖြစ်သည်ဟု ကောက်ချက်ချကြပါသည်။

## ကရင်အမျိုးသားအစည်းအရုံး သယံဇာတ စီမံအုပ်ချုပ်မှု

ကရင်အမျိုးသားအစည်းအရုံး ကို ၁၉၄၇ ခုနှစ်တွင် ကရင် နိုင်ငံရေးလှုပ်ရှားသူများ၊ ရှေ့နေများနှင့် တတ်သိ ပညာရှင်များက ဗြိတိသျှ ကိုလိုနီလက်အောက်မှ လွတ်လပ်ရေးရရှိရန်ကြိုးပမ်းလာခဲ့သော ဗမာပြည်တွင်

၂၃ ကရင်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့(KNDO) သည် ၁၉၄၉ ခုနှစ် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တရားဝင် မဖွဲ့စည်းမီက KNU ၏ လက်နက်ကိုင်အဖွဲ့ခွဲတစ်ခုဖြစ်သည်။ ထိုအချိန်မှစတင်၍ နှစ်ဖွဲ့စလုံး KNU အောက်တွင် တာဝန်ထမ်းဆောင် ခဲ့ကြသည်။

၂၄ Southern Monitor. 2022. Myanmar: Tanintharyi Region Monthly Situation Update (31 August, 2022). Accessed at: https://reliefweb.int/report/myanmar/myanmar-tanintharyi-region-monthly-situation-update-31-august-2022




**ပုံ ၂ - တနင်္သာရီတိုင်းဒေသကြီးအတွင်း ပြင်းထန်သောပစ်ခတ်မှု ဖြစ်ပွားသည့် နေရာပြမြေပုံ၊ ရင်းမြစ်: Dawei Watch**

ကရင်လူမျိုးများအတွက် နယ်မြေနှင့် ပိုမိုကောင်းမွန်သော ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် တောင်းဆိုရန် ဖွဲ့စည်းခဲ့သည်။[၂၅] ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (KNDO) နှင့် မြန်မာစစ်တပ်တို့ လွတ်လပ်ရေးမရခင် ၁၉၄၇ တွင် စစ်မီးပွား စတင်ဖြစ်ပွားလာခဲ့သည် မှာ ယနေ့ထိတိုင် ဖြစ်သည်။ ကရင်အမျိုးသားအစည်းအရုံး သည် မြန်မာနိုင်ငံတောင်ပိုင်းနှင့် အရှေ့တောင်ပိုင်း ဒေသတစ်ခွင်တွင် အရေးကြီးသော စီမံအုပ်ချုပ်မှုလုပ်နိုင်သည့် အဖွဲ့အစည်းတစ်ခု ဖြစ်လာခဲ့သည်။ စီမံအုပ်ချုပ်မှု နယ်မြေဒေသများကို ခရိုင် (၇) ခု ဖြစ်သည့် ဒူးသထူ၊ ဘားအံ၊ တောင်ငူ၊ ညောင်လေးပင်၊ မြိတ်-ထားဝယ်၊ မူတြော် နှင့် ဒူးပလာယာ စသည်တို့ဖြင့် ဖွဲ့စည်းသည်။ ကရင်အမျိုးသားအစည်းအရုံး အုပ်ချုပ်ရေးအောက်တွင် လူဦးရေ (၈) သိန်းခန့် နေထိုင်ကြသည်။ လူဦးရေ (၁) သိန်းခန့်သည် ကရင်အမျိုးသားအစည်းအရုံး၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ရှိနေပြီး အခြားသောဒေသများတွင် မြန်မာအစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံး နှစ်ဘက်အုပ်ချုပ်သည့်နေရာတွင် တည်ရှိနေထိုင်ကြသည်။[၂၆]

ကရင်အမျိုးသားအစည်းအရုံး သည် ၎င်းတို့ ထိန်းချုပ်ရာနယ်မြေတွင် မြေပြင်အာဏာသက်ရောက်မှု ရှိသော အစိုးရတစ်ရပ်အနေဖြင့် အုပ်ချုပ်ရေးကို ကျင့်သုံးနေပြီး အရေးပါသော အုပ်ချုပ်ရေးယန္တရားများဖြစ်သည့် အခွန်ကောက်ခံခြင်း၊ မြေယာပိုင်ဆိုင်မှု အထောက်အထားများပေးအပ်ခြင်း အပါအဝင် မြေယာနှင့် သယံဇာတများ စီမံအုပ်ချုပ်ခြင်း၊ သစ်တောနှင့် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ၊ အခြေခံပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို ဗဟို၊ ခရိုင် နှင့် မြို့နယ်အုပ်ချုပ်ရေးရုံးများ အဆင့်ဆင့်ဖြင့် စီမံအုပ်ချုပ်လျှက်ရှိသည်။ ယခင် ကရင်အမျိုးသားအစည်းအရုံး အုပ်ချုပ်ရေးသည် ဗဟိုထိန်းချုပ်မှု အားကောင်းခဲ့ပြီး ၁၉၉၅ ခုနှစ်မာနယ်ပလော ဌာနချုပ် အရေးနိမ့်ပြီး ခွဲထွက်အဖွဲ့များစွာ ဖြစ်ပေါ်လာခဲ့သည့်နောက်ပိုင်း ဗဟိုချုပ်ကိုင်မှုမှာ အလွန်ပင် အားနည်းလာပြီး အုပ်ချုပ်ရေး အပိုင်းပိုင်းအစစ ဖြစ်လာခဲ့သည်။ မြိတ်၊ထားဝယ် ခရိုင်သည် ကရင်အမျိုးသားအစည်းအရုံး ဗဟိုအလုပ်မှုဆောင် ကော်မတီအတွက် ထိန်းချုပ်ရန်အခက်ခဲဆုံး ခရိုင်ဖြစ်ခဲ့သည်မှာ ယနေ့ထိတိုင်ဖြစ်သည်။[၂၇]

၂၅ San C Po. 1928. Burma and the Karens. London.
၂၆ Jolliffe, K., 2015. Ethnic armed conflict and territorial administration in Myanmar. The Asia Foundation, 89
၂၇ Smith, M. Burma: Insurgency and the politics of ethnicity. Zed Books. London.

## မြေယာ နှင့် သယံဇာတ စီမံခန့်ခွဲမှု

မြေယာနှင့် သယံဇာတ စီမံအုပ်ချုပ်မှုစနစ်နှင့် ထုံးတမ်းများသည် ကရင်အမျိုးသားအစည်းအရုံး အုပ်ချုပ်ရေး အောက်တွင် ဖွံ့ဖြိုးလာပြီး မြေယာ၊ သစ်တော၊ သတ္တု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းနှင့် ရင်နှီးမြှုပ်နှံမှု မူဝါဒနှင့် ဥပဒေများအား ဗဟိုနှင့် ခရိုင် သက်ဆိုင်ရာဌာနဆိုင်ရာများက ဝန်ထမ်းများစွာဖြင့် စီမံအုပ်ချုပ်လျှက်ရှိသည်။ မြေယာနှင့် သယံဇာတများကို စီမံအုပ်ချုပ်သည့် အဓိကကျသော ဌာနများသည် စိုက်ပျိုးရေးဌာန၊ သစ်တောဦးစီးဌာန နှင့် သတ္တုတွင်းဌာနတို့ ဖြစ်ကြသည်။ နောက်ဆုံးအချက်အလက်များအရ စိုက်ပျိုးရေးဌာနသည် ခရိုင် (၇) ခုအတွင်း မြေယာမှတ်ပုံတင်လက်မှတ်ပေါင်း (၁၀၃,၆၀၅) (41,001F/62,614M) ခုကို ပေးအပ်ထားပြီး မြေဧရိယာပေါင်း (၈၈၆,၁၆၉ ဧက) (၃၅၈,၆၁၉ ဟက်တာ) ကျယ်ပြန့်သည်။ ထို့ပြင် ကရင်အမျိုးသားအစည်းအရုံး သည် ကော်သူးလေ အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ် (၁၉၅) ခုအား သက်ဆိုင်ရာခရိုင်များတွင် ပေးအပ်ထားပြီး (၁.၅) သန်း ဧက (၆၀၇,၀၂၈ ဟက်တာ) အကျယ်အဝန်းရှိသည်။[၂၈]

ကော်သူးလေ သစ်တောဌာနသည် အုပ်ချုပ်ရေးနယ်မြေအတွင်း ဧက (၄) သန်းကျော်သော သစ်တောမြေများကို အုပ်ချုပ်စီမံလျက်ရှိသည်။ ထိုသစ်တောမြေတွင် ထိန်းသိမ်းသစ်တော (၈၅) ခု (၃,၀၂၅,၇၄၀ ဧက/ ၁,၂၂၄,၄၇၃ ဟက်တာ)၊ တောရိုင်း တိရိစ္ဆာန်ဘေးမဲ့တော (၂၄) ခု (၆၆၈,၉၃၀ ဧက/၂၇၀,၇၆၀ ဟက်တာ)၊ အများပိုင် ဘုံသစ်တော (၁၉၀) ခု (၃၂၃,၉၅၂ ဧက/၁၃၁,၀၉၈ ဟက်တာ) နှင့် ပရဆေးတော (၁၄) ခုတို့ ပါဝင်သည်။ ကရင်အမျိုးသားအစည်းအရုံး သစ်တောရုံးဝန်ထမ်းများနှင့် ဒေသခံပြည်သူတို့သည် အုပ်ချုပ်ရေးနယ်မြေအတွင်းရှိ သစ်တောများအား စီမံအုပ်ချုပ်ကာ အတူတစ်ကွ စောင့်ကြပ်ကြည့်ရှုခြင်း၊ စီမံခန့်ခွဲခြင်းတို့ကို ပူးပေါင်းလုပ်ဆောင်ကြသည်။ ကရင်အမျိုးသားအစည်းအရုံး အုပ်ချုပ်နယ်မြေအတွင်းရှိ သစ်တောများသည် အရှေ့တောင်အာရှတွင် အကြီးမားအကျယ်ပြန့်ဆုံးနှင့် ဇီဝမျိုးကွဲများစုံလင်သော သစ်တောအုပ်ကြီးတစ်ခုဖြစ်သည်။

## ကရင်အမျိုးသားအစည်းအရုံး - ဒေသခံပြည်သူတို့၏ သယံဇာတ စီမံအုပ်ချုပ်ရေးဆိုင်ရာ တီထွင်ဖန်တီးမှုများ

ကရင်အမျိုးသားအစည်းအရုံး သည် လွန်ခဲ့သောနှစ်များတွင် မြေယာနှင့် သယံဇာတ စီမံအုပ်ချုပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းသစ်များကို ရှာဖွေတွေ့ရှိလာသည်။ ကရင်အမျိုးသားအစည်းအရုံး သည် ကရင်အမျိုးသားအစည်းအရုံး အုပ်ချုပ်ရေး၊ ဌာနေတိုင်းရင်းသားများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ စီမံအုပ်ချုပ်ရေးလမ်းစဉ်များကို ကြိုးစားတည်ဆောက်ခဲ့သည်။ ထိုတီထွင်ဖန်တီးမှုတွင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ် (ခေါ်) ဌာနေတိုင်းရင်းသားများဥယျာဉ် ပါဝင်ပြီး (၆,၀၀၀) စတုန်းရန်းကီလိုမီတာ ကျယ်ပြန့်သည်။ ဒေသ (၂၅) ခုမှ ကိုယ်စားလှယ်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်း ကိုယ်စားလှယ် (၁၂) ဦးနှင့် ကရင်အမျိုးသားအစည်းအရုံးမှ ကိုယ်စားလှယ် (၄၂) ဦး ပူးပေါင်းပါဝင် စီမံအုပ်ချုပ်ကြသည်။[၂၉] ထိုဖန်တီးမှု၏ ကနဦး ရည်ရွယ်ချက်သည် ကရင်အမျိုးသားအစည်းအရုံး မူတြော်ခရိုင်ရှိ မြေယာနှင့် သစ်တောများကို ဌာနေတိုင်းရင်းသားတို့၏ ကိုယ်ပိုင် ဗဟုသုတ၊ ဓလေ့ ထုံးတမ်းများနှင့် အားလုံးပါဝင်သော ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်တို့ဖြင့် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရန်ဖြစ်သည်။ ထိုနည်းလမ်းကိုအသုံးပြုပြီး မိမိတို့ မြေယာနှင့် သယံဇာတ စီမံအုပ်ချုပ်ရေးကို တည်ဆောက်နိုင်ရန်အတွက် ကရင်အမျိုးသားအစည်းအရုံးနှင့် အခြားတော်လှန်ရေးအဖွဲ့အစည်းတို့ အုပ်ချုပ်ရာနယ်မြေများတွင် ကြိုးစားလုပ်ဆောင်လာကြသည်ကို တွေ့ရသည်။ ဥပမာအနေဖြင့် ကရင်နီ ပြည်နယ်နှင့် နယ်မြေထိစပ်နေသော တောင်ငူခရိုင်တွင် တည်ရှိသော သောသီတောအူး ဌာနေတိုင်းရင်းသားများ ဥယျာဉ်အား တွေ့နိုင်ပါသည်။[၃၀]

၂၈ KESAN. 2019. Kaw Policy Briefer. Available at http:// kesan.asia/wp-content/uploads/2019/05/FINAL-Kaw-Briefer-KESAN-Eng.pdf

၂၉ KESAN. 2020. Salween Peace Park Programme. Available at: https://kesan.asia/salween-peace-park-programme-3936/

၃၀ KESAN. 2022. Thawthi Taw Oo Indigenous Park. Accessed at: https://kesan.asia/wp-content/uploads/2021/09/Thawthi-Taung-Oo-briefer_English-version-web.pdf

## တနင်္သာရီတိုင်းဒေသကြီးအတွင်း သယံဇာတ စီမံအုပ်ချုပ်ရေး


စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ကောင်စီသည် တနင်္သာရီတိုင်းဒေသကြီး နယ်မြေများအားလုံးကို ထိန်းချုပ်နိုင်စွမ်းမရှိ ဖြစ်ခဲ့ပြီး သယံဇာတ စီမံအုပ်ချုပ်ရေးနှင့် အခြားသော အုပ်ချုပ်ရေးယန္တရားများမှာလည်း ယိုယွင်းပြီး အုပ်ချုပ်ရေးလုပ်ငန်းများတွင် လွဲချော်မှုများဖြစ်လာသည်။ ထို့ကြောင့် လုံခြုံရေးအခြေအနေများ ကျဆင်းလာပြီး တရားဥပဒေစိုးမိုးမှုများ ကင်းလာခြင်း၊ အကြမ်းဖက်မှုများလာခြင်းနှင့် အသက်မွေးဝမ်းကြောင်းအလုပ်အကိုင်များအား ထိခိုက်လာခြင်း တို့ကြုံတွေ့လာခဲ့ရသည်။ စစ်ကောင်စီသည် တစ်ချို့သောလုပ်ငန်းများကို လုပ်ပိုင်ခွင့်ချမှတ်ပေးထားခဲ့သော်လည်း သယံဇာတတူးဖော်ထုတ်လုပ်ရာနေရာများသို့ သွားရောက်ကြီးကြပ်နိုင်ခြင်း မရှိပါ။ ထို့ကြောင့် စစ်ကောင်စီတို့သည် အခွန်ကောက်ခံခြင်းနှင့် သယံဇာတ တူးဖော်ထုတ်ယူခြင်းများကိုသာ ဦးစားပေးဆောင်ရွက်ခဲ့ပြီး သယံဇာတ တူးဖော်ထုတ်ယူခြင်းများနှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းတို့ဖြင့် ကြီးကြပ်ခြင်းများကို မပြုလုပ်နိုင်တော့ပါ။ သက်သေသာဓကများအရ စစ်တပ်အာဏာသိမ်းပြီးကတည်းက ထားဝယ်မြို့နယ်အတွင်းတွင် ဂေါ်ဒန်ကျောက်မိုင်း တစ်ခုသာရှိသော်လည်း အခြားသောတရားဝင် ခွင့်ပြုမိန့်မပြနိုင်သည့် သတ္တုတူးဖော်မှုအသစ် မြောက်မြားစွာကိုတွေ့နိုင်သည်။

စစ်ကောင်စီ ခွင့်ပြုခဲ့သော ဂေါ်ဒန်ကျောက် မိုင်းတွင်း (ထားဝယ် မြို့နယ်) သတ္တုတူးဖော်ခြင်း တစ်ခုသာ ရှိခဲ့သော်လည်း အခြား တရားမဝင်သတ္တုတူးဖော်ခြင်းများကို တွေ့ရပါသည်။ ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင်သည် ယေျဘုယျအားဖြင့် သယံဇာတ ထုတ်ယူသုံးစွဲမှုများကို ကရင်အမျိုးသားအစည်းအရုံး၏ ရင်းနှီးမြုပ်နှံမှုများဆိုင်ရာ မူဝါဒများဖြစ်သည့် ကော်သူးလေ သစ်တောဦးစီဌာန၏ မူဝါဒများ၊ ကော်သူးလေ သတ္တုဌာန၏ မူဝါဒများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသိမ်းရေးကော်မတီ၏ မူဝါဒများကို လိုက်နာရမည် ဖြစ်သည်။ ကရင်အမျိုးသားအစည်းအရုံး ဗဟို စီးပွားရေးကော်မတီသည် ခရိုင်များအတွင်းရှိ ကုမ္ပဏီများ အားလုံးအား စာရင်းသွင်းမှတ်ပုံတင်ပေးရန် လိုအပ်သော်လည်း တပ်မဟာ (၄) သည် ထိုလုပ်ငန်းများကို ကိုယ်တိုင်စီမံပြီး လုပ်ပိုင်ခွင့်များကို ခရိုင်အဆင့်ဖြင့် ချပေးသည်။ စာရင်းသွင်းမှတ်ပုံတင်ပေးခြင်း လုပ်ငန်းစဉ်တွင် စီးပွားရေးကော်မတီနှင့် သတ္တုဌာနတို့သည် သတ္တုမိုင်းကုမ္ပဏီများ၏ နောက်ကြောင်း ရာဇဝင်များအား စစ်ဆေးခြင်းနှင့် လျာထားသော တူးဖော်ရေးနေရာများကို အခြားသောမြေယာအသုံးပြုမှုများနှင့် တိုက်ဆိုင်စစ်ဆေးမှုများ ပြုလုပ်ပေးသည်။

ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်များတွင် အသေးစားနှင့် အလတ်စား လုပ်ငန်းလုပ်ပိုင်ခွင့်များကို ခရိုင်အဆင့်ဌာနများနှင့် မြို့နယ်အဆင့်ရုံးများမှ ဆောင်ရွက်ပေးသည်။ ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင်သည် တွဲဘက်ကန်ထရိုက်အဖြစ် စစ်ကောင်စီခွင့်ပြုပေးခဲ့သည့် ကုမ္ပဏီများထံမှ အခွန်များကောက်ခံပြီးဒေသတွင်းလုပ်ကိုင်နိုင်ရန် လုပ်ငန်းခွင့်ပြုမိန့်ပေးခြင်းအားဖြင့် လုပ်ငန်းလိုင်စင်များ ထုတ်ပေးသည်။ ကရင်အမျိုးသားအစည်းအရုံး ဗဟိုအလုပ်မှုဆောင်ကော်မတီသည် အကြီးစား မြေယာအခြေပြု ရင်းနှီးမြုပ်နှံမှုများအား ကော်သူးလေ နယ်မြေအတွင်း လုပ်ပိုင်ခွင့်ချပေးရန် မူဝါဒမရှိသော်လည်း မြိတ်-ထားဝယ်ခရိုင်သည် လိုက်နာဆောင်ရွက်မှု အားနည်းသည်။

မတူညီသော အုပ်ချုပ်ရေးယန္တရားများနှင့် အဖွဲ့အစည်းများအကြား ဆက်ဆံဆောင်ရွက်မှုများတွင် ဒေသတွင်း အခြေအနေအခင်းအကျင်းများက အဓိကကျသည်။ တခါတရံ ညင်သာတည်ငြိမ်ပြီး တခါတရံ အချိန်နှင့် အမျှအပြောင်းအလဲရှိသည်။ အောက်ပါပုံသည် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အဖွဲ့အစည်းများ၏ ဆက်သွယ်ဆက်ဆံရေး ပုံစံများအား ပုံဖော်ထားသကဲ့သို့ ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ် ခရိုင်သည် မတူညီသော အဖွဲ့အစည်းများအတွက် အဓိကကျသော၊ တည်ငြိမ်ပြီးအင်အားရှိသော အစုအဖွဲ့တစ်ခုအနေဖြင့် တည်ရှိနေကြောင်းကို ကွင်းဆင်းအင်တာဗျူးခြင်းမှ ရရှိလာသော အချက်အလက်များကို အခြေခံပြီး ဖော်ပြသည်။ ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင်သည် တနင်္သာရီတိုင်းဒေသကြီး စစ်ကောင်စီနှင့် ပူးပေါင်းကာ သယံဇာတထုတ်လုပ်ရေး လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများအရ အတိုင်းအတာတစ်ခုထိ ဆက်သွယ်ဆက်ဆံရေးရှိနေသည်ကို တွေ့ရှိရသည်။ အခြားတစ်ဖက်တွင်လည်း အရပ်ဖက်လူမှု

အဖွဲ့အစည်းများနှင့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့များ တိုင်းဒေသတွင်း လှုပ်ရှားနိုင်ရန်အတွက် လုံခြုံသော နေရာထိုင်ခင်း အကူအညီများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် အောက်ပါပုံသည် တနင်္သာရီတိုင်း ဒေသကြီး အခြေပြုအဖွဲ့အစည်းများ အချင်းချင်းအကြား လုံခြုံရေးနှင့် စီမံအုပ်ချုပ်ရေးသည် ဒေသတွင်း အခြေအနေနှင့် အခင်းအကျင်းအပေါ် များစွာမူတည်နေပါသော်လည်း နိုင်ငံတော်အဆင့် အဖွဲ့အစည်းများဖြစ်သည့် အမျိုးသားညီညွတ်ရေးအစိုးရ နှင့် ကရင်အမျိုးသားအစည်းအရုံး ဗဟိုအလုပ်မှုဆောင်ကော်မတီ အကြား ဆက်ဆံရေးသည် အားရစရာအခြေအနေမဟုတ်ကြောင်း သိရှိနိုင်မည်ဖြစ်သည်။




**ပုံ ၃ - တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အစုအဖွဲ့များအား လေ့လာသည့်မြေပုံ**

## သတင်းအချက်အလက် ရယူခြင်းနှင့် တင်ပြခြင်းဆိုင်ရာ အခက်အခဲအတားအဆီးများ

ကရင်အမျိုးသားအစည်းအရုံး နယ်မြေစိုးမိုးရာဒေသသည် လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် ဒေသခံကာကွယ်ရေးတပ်များအတွက် လုံခြုံသည့် ခိုလှုံရာနေရာဖြစ်သော်လည်း လူမှုအဖွဲ့အစည်းများနှင့် သတင်းမီဒီယာများ၏ အခန်းကဏ္ဍသည် ပိုမိုခက်ခဲလာသည်။ သတင်းမီဒီယာများနှင့် လူမှုအဖွဲ့အစည်းများ က ၎င်းတို့၏ လုံခြုံရေးအတွက် ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင်သို့ သဘာဝသယံဇာတများ စီမံအုပ်ချုပ်မှုအပေါ် မကျေနပ်ချက်များ တင်ပြခြင်းနှင့် တာဝန်ခံမှုများရှိစေရန်အတွက် တင်ပြရန် အခက်အခဲ ရှိသည်။ ထို့အတူ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် နယ်မြေနှင့် တပ်များထံမှ သင်တန်းများ တက်ရောက်ခဲ့ရသဖြင့်လည်းကောင်း၊ ၎င်းတို့ မကြာခဏ စစ်ရေးလှုပ်ရှားသည့်နယ်မြေဖြစ်သောကြောင့် လည်းကောင်း ဒေသခံကာကွယ်ရေးနှင့် လူထုကာကွယ်ရေးတပ်များ၏ စစ်ရေးလှုပ်ရှားမှုများသည် ကန့်သတ်ခြင်းခံရသည်။ မြေယာနှင့် သယံဇာတကိစ္စများ ဖြစ်ပေါ်လာလျှင် ဒေသအခြေပြုအဖွဲ့အစည်းများသည် ကရင် အမျိုးသားအစည်းအရုံး ဗဟိုအလုပ်မှုဆောင် ကော်မတီထံသို့ တင်ပြသော်လည်း စကားပြောဆိုဆက်သွယ်ရေး အခက်အခဲများကြောင့် ကရင်အမျိုးသားအစည်းအရုံး ဗဟိုအလုပ်မှုဆောင်ကော်မတီသည် တိုက်ရိုက်ပါဝင် ပတ်သက်ခွင့်ရရန် အခက်အခဲရှိသည်။

ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင် သည် ကရင်အမျိုးသားအစည်းအရုံး ဗဟိုအလုပ်မှုဆောင် ကော်မတီမှ ဝင်ရောက်စွက်ဖက်ခြင်းမပြုနိုင်ဘဲ လွတ်လပ်စွာ လုပ်ငန်းဆောင်ရွက်လျှက်ရှိပြီး ဗဟိုအဆင့်သို့ တင်ပြတောင်းဆိုခြင်းထက် ကိုယ်ပိုင်ဆုံးဖြတ်ချက်များ ချမှတ်လုပ်ဆောင်လျှက်ရှိသည်။ ကရင်အမျိုးသား

အစည်းအရုံး - မြိတ်ထားဝယ်ခရိုင်သည် ဒေသအခြေအနေအပေါ် မူတည်ပြီး ဒေသတွင်းအဖွဲ့အစည်းများနှင့် အကျိုးအမြတ်အတွက် လုပ်ဆောင်လာသည်ကိုတွေ့ရသည်။ ဥပမာအားဖြင့် ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင်ရှိ တစ်ဦးချင်းတာဝန်ရှိသူများနှင့် စစ်ကောင်စီတို့၏ အကျိုးတူစီးပွားရေးလုပ်ငန်းများရှိနေခြင်းက ထိပ်တိုက်ရင်ဆိုင်ရမည့် အရေးကိစ္စများအား ရှောင်ရှားနိုင်သည့် ဆက်သွယ်ရေး စကြံ်န် (ပလက်ဖောင်း)များ နှင့် ဘုံအကျိုးစီးပွားများကို ဖန်တီးပေးသည်။ သယံဇာတ တူးဖော်ရေးနှင့် ပတ်သက်ပြီး စစ်ကောင်စီနှင့် ဘုံအကျိုးစီးပွားများ ရှိနေသော်လည်း ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင်သည် ကရင်အမျိုးသားအစည်းအရုံး ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ရပ်တည်မှုအရ တော်လှန်ရေး အဖွဲ့အစည်းများအတွက် လုံခြုံရာနေရာများ ဖန်တီးပေးထားခြင်းကလည်း တင်းမာခက်ခဲသောအခြေအနေကို ဖြစ်ပေါ်စေသည်။

## အငြင်းပွားချက်များအားတိုင်ကြားမှုနှင့် အရေးယူဆောင်ရွက်ခြင်း ယန္တရား

ပဋိပက္ခများနှင့် တာဝန်ခံမှုမရှိသည့် အခြေအနေများကြောင့် သယံဇာတစီမံအုပ်ချုပ်မှု အလေ့အကျင့်များအားနည်း ညံ့ဖျင်းလာသည်။ ထို့ကြောင့် ဒေသခံလူထုများသည် မြေယာနှင့် သစ်တောများအား ရယူသုံးစွဲခွင့်များ ဆုံးရှုံးရခြင်း၊ သဘာဝပတ်ဝန်းကျင်များ ပျက်စီးခြင်း၊ မြေယာနှင့်သယံဇာတများ ထိန်းသိမ်းဖမ်းဆီးခံရသူများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများဖြစ်ပေါ်ခဲ့ သည်။ ဒေသခံလူထုများသည် ပြဿနာဖြေရှင်းရေးအတွက် လုံလောက်သောအင်အားမရှိခြင်းနှင့် မကျေနပ်မှုတိုင်ကြားချက်များလည်း ထိရောက်မှုမရှိဖြစ်လာခြင်းတို့အပြင် နှုတ်ဖြင့်တိုင်ကြားခြင်းကလည်း သက်ဆိုင်ရာအာဏာပိုင်များ၏ အမျက်တော်ရှ၍ အပြစ်ပေးခြင်းခံရမည်ကို စိုးရိမ်ထိတ်လန့်နေရသည်။ မြို့နယ်အဆင့်နှင့် ခရိုင်အဆင့်တွင် ကောင်းမွန်စွာလည်ပတ်နေသော အငြင်းပွားမှုများအားတိုင်ကြားသည့် ယန္တရားမရှိသည့်အပြင် အရေးယူဆောင်ရွက်ခြင်းများသည်လည်း ဒေသတွင်းမတည်ငြိမ်မှုနှင့် အကျိုးစီးပွားအားပြိုင်မှုများကြောင့် ထိုအငြင်းပွားမှုများကို ကျိုးကြောင်းဆီလျော်မှုရှိစွာ ကိုင်တွယ်ဖြေရှင်းပေးနိုင်ခြင်း မရှိပါ။

လူမှုအဖွဲ့အစည်းများသည် ဖြစ်ပေါ်လာသော ပြဿနာကိစ္စရပ်များအား ကရင်အမျိုးသားအစည်းအရုံး ဗဟိုအလုပ်မှုဆောင်ကော်မတီထံသို့ ပေးပို့တင်ပြရန် ကြိုးစားသော်လည်း ပြောဆိုဆက်သွယ်ရေး အကန့်အသတ်များက အခက်ခဲမှုများကို ဖြစ်ပေါ်စေပြီး ကရင်အမျိုးသားအစည်းအရုံး ဗဟို အလုပ်မှုဆောင်ကော်မတီမှ တိုက်ရိုက်ပါဝင် ဖြေရှင်းနိုင်ခြင်းမရှိသည်ကို တွေ့ရသည်။ အချို့သောကိစ္စရပ်များတွင် မြို့နယ်အဆင့်အာဏာပိုင်များမှ သက်ဆိုင်ရာတာဝန်ရှိသူများဖြစ်သည့် ကုမ္ပဏီများနှင့် ဒေသခံများအား အစည်းအဝေး ဖိတ်ခေါ်ပြီး လူမှုအဖွဲ့အစည်းများအား စောင့်ကြည့်လေ့လာသူများအဖြစ် ပါဝင်စောင့်ကြည့်စေသည့် ကိစ္စရပ်များလည်းရှိသည်။

အမျိုးသားညီညွတ်ရေးအစိုးရ နှင့် အခြားသော ပုံစံအသစ်ဖြင့်ဖြစ်ပေါ်လာသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများသည် မြေပြင်နယ်မြေစိုးမိုးနိုင်မှုနှင့် အုပ်ချုပ်နိုင်မှုများ မရှိသေးသောကြောင့် ထိုလုပ်ငန်းစဉ်များတွင် ထိရောက်အဓိပ္ပါယ်ရှိသော အခန်းကဏ္ဍများမရှိပါ။ လူမှုအဖွဲ့အစည်း ခေါင်းဆောင်တစ်ဦးမှ

> “ဒီအသုံးမဝင်တဲ့ မူဝါဒဟောင်းနှင့် လုပ်ထုံးလုပ်နည်းတွေကို ကြားကာလအစိုးရက ဘယ်သို့ဘယ်ပုံ ဆက်သုံးနေလဲဆိုတာနဲ့ သယံဇာတနှင့် သက်ဆိုင်တဲ့ကဏ္ဍမှာ ဘယ်လိုပါဝင်နေလဲဆိုတာတွေက မရှင်းလင်းဘူးဖြစ်နေတယ်။ အခြေအနေတွေက ပြောင်းလာနေတာလေ ဒီလိုအခြေအနေကို ဘယ်လိုချဉ်းကပ်ပြီး ကိုင်တွယ်ဖြေရှင်းမယ်ဆိုတာလဲ မရှင်းလင်းသေးဘူး… NUG က သဘာဝသယံဇာတ စီမံအုပ်ချုပ်ရေးကဏ္ဍအတွက် အခုထက်ပိုမိုကောင်းမွန်တဲ့ အစီအစဉ် ရှိသင့်တယ်”

ဟု ထင်မြင်ချက်ပေးခဲ့သည်။

# အပိုင်း (၂)


## စီမံခန့်ခွဲအုပ်ချုပ်မှု ပြိုလဲပျက်စီးပြီး သယံဇာတထုတ်ယူသုံးစွဲမှု

## လျင်မြန်စွာတိုးပွားလာသော သတ္တုတူးဖော်ရေးလုပ်ငန်းများ


> "ငါတို့တွေ ငွေကြေးအင်အား တောင့်တင်းပြီး အာဏာသိမ်းစစ်တပ်ကို တွန်းလှန်တိုက်ခိုက်နိုင်ဖို့အတွက် သယံဇာတတွေကို ထုတ်ယူသုံးစွဲဖို့ လိုအပ်တယ်"
>
> ကရင်အမျိုးသားအစည်းအရုံး အရာထမ်းတစ်ဦး

စစ်ကောင်စီ နှင့် ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင် နှစ်ဖွဲ့လုံးသည် ဒေသတွင်း သံနှင့် ရွှေမိုင်းတွင်း တူးဖော်သည့်လုပ်ငန်းများကို ထိန်းချုပ်ကာ တိုးချဲ့လုပ်ဆောင်လာသည့်နည်းတူ သစ်ထုတ်လုပ်သည့် လုပ်ငန်းအရေအတွက်များလည်း တိုးလာသည်။ ယခင်သတ်မှတ်ထားသော သတ္တုမိုင်းတွင်းများကို စစ်ကောင်စီ နှင့် ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင်တို့က လုပ်ပိုင်ခွင့်များချပေးထားပြီး၊ စစ်အာဏာသိမ်းပြီးနောက်ပိုင်း သတ္တုတူးဖော်မှုလုပ်ငန်းများမှာ ပိုမိုကြီးမားကျယ်ပြန့်လာသည်။ ခရိုင်သုံးခုတွင် ကောက်ယူခဲ့သော အင်တာဗျူးမေးမြန်းချက်များအရ စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း ရာချီသည့် မြေတူးစက်နှင့် ယန္တရားကြီးများ သတ္တုမိုင်းတွင်းကြီးများသို့ ဝင်ရောက်တူးဖော်လုပ်ကိုင်နေသည်ကို တွေ့ရသည်။ တူးဖော်လက်စ မိုင်းတွင်းများတွင် သံသတ္တုနှင့် ရွှေထွက်ရှိမှုနှုန်း ကျဆင်းလာပါက အခြားသောသတ္တု မိုင်းတွင်းအသစ်များသို့ ရွှေ့ပြောင်းတူးဖော်လုပ်ကိုင်ရန် အသင့်ဖြစ်နေကြသည်။


ကုမ္ပဏီများသည် စစ်ကောင်စီနှင့် ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင် နှစ်ဖွဲ့လုံးကို အခွန်များပေးဆောင်သော်လည်း စစ်ကောင်စီ တပ်ဖွဲ့ဝင်များကို မြေပြင်တွင် မတွေ့ရသလောက်ရှားပါးသည်။ မြို့နယ်နှင့် လုပ်ငန်းအဆင့်လိုက် ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင် သို့ အခွန်ပေးဆောင်မှု မတူညီပါ။ ဥပမာ ပုလောမြို့နယ်ရှိ ကုမ္ပဏီများသည် ဘက်ဟိုးစက်ယန္တရားနှင့် မြေတူးစက်ကြီးများအတွက် တစ်စီးလျှင် မြန်မာငွေ ကျပ် (၅၀,၀၀၀) ပေးဆောင်ရသော်လည်း တနင်္သာရီမြို့နယ်တွင် အာဏာသိမ်းပြီးနောက်ပိုင်း ထိုအခွန်ထက် ဆယ်ဆကျော် ပေးဆောင်နေရခြင်းမှာ မည်သည့်ကျိုးကြောင်းအပေါ် မူတည်နေခြင်းကလည်း ရှင်းလင်းမှုမရှိပါ။ ယေဘုယျအားဖြင့် အခွန်ငွေ (၂၀%) ခန့်ကို ကရင်အမျိုးသားအစည်းအရုံး ဗဟို ထံသို့ ပေးဆောင်ရပြီး (၈၀%) ကို ခရိုင်အဆင့်မှ ထိန်းသိမ်းထားခွင့်ရှိပြီး ထိုအချင်းအရာမှာ လုပ်ငန်းများအားလုံးအတွက် ပေးဆောင်နေရခြင်း ဖြစ်သည်၊ မဖြစ်သည်မှာလည်း ရှင်းလင်းမှုမရှိ ဖြစ်နေပါသည်။




ပုံ ၄ - တနင်္သာရီမြို့နယ်ရှိ သဘော့လိပ် ကျေးရွာ၏ ဂြိုလ်တုဓါတ်ပုံ။ မြန်မာအစိုးရမှ ၀၀ ကုမ္ပဏီကို လုပ်ပိုင်ခွင့်လိုင်စင်ထုတ်ပေးပြီး ကုမ္ပဏီ (၁၀) ခုကျော်ကို တဆင့်ခံကန်ထရိုက်ပေးခြင်းဖြင့် လုပ်ကိုင်ပြီး ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင်နှင့် စစ်ကောင်စီကို အခွန်ပေးဆောင်သည်။ ၂၀၂၁ စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် ထိုသတ္တုမိုင်းတွင်း တူးဖော်မှု ချဲ့ထွင်လာသည်။




ပုံ ၅ - ဤ ရွှေတူးဖော်တွင်းသည် ၂၀၀၅ တွင် စတင်ခဲ့သည့် တနင်္သာရီ သဘာဝထိန်းသိမ်းနယ်မြေတွင် တည်ရှိသည်။ လွန်ခဲ့သော (၂) နှစ်အတွင်း ထိုတူးဖော်သည့်သတ္တုတွင်း မြေနေရာအရွယ်အစားကြီးလာပြီး ကျေးလက်ချောင်းများနှင့် သဘာဝပတ်ဝန်းကျင်ကို များစွာထိခိုက်လာပြီး ကျားများ၊ ကမ္ဘာ့တန်ဖိုးကြီး အပင်နှင့် သမင်ဒရယ်များ၊ သင်းခွေချပ်များ နှင့် ကြံ့သူတော်များအပါအဝင် သတ္တဝါမျိုးစိတ်များကိုလည်း ထိခိုက်လာသည်။ ထိုကုမ္ပဏီ၏ နာမည်ကို မသိရ၊ တရားဝင် လိုင်စင်မရှိသော်လည်း ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင် ကျောထောက်နောက်ခံပေးထားသည့် တရုတ်စီးပွားရေးလုပ်ငန်း ဖြစ်နိုင်သည့် တင်ပြချက်များရှိသည်။




ပုံ ၆ - မဒေါ သတ္တုမိုင်းအဖြစ် သိရပြီး လိုင်စင်မရှိသော ဇာဒီဝင်း/မဒေါ ကျေးရွာရှိ သတ္တုရိုင်းမိုင်းတွင်း။ တူးဖော်ခြင်း လုပ်ငန်း ကို ၂၀၁၈-၂၀၁၉ ခုနှစ်တွင် စတင်ခဲ့ကာ လျင်မြန်စွာတိုးချဲ့လာပြီး စီးပွားရေးလုပ်ငန်းရှင်အများအပြား ပါဝင် ပတ်သက်လာသည်။ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် စက်ယန္တရားကြီးများ အစီးရေ (၁၀၅) စီးဖြင့် လုပ်ဆောင်ပြီး သတ္တုရိုင်း အထွက်နှုန်း လျော့ကျလာသည့် ၂၀၂၁ ခုနှစ်တွင် အစီးရေ (၇၃) စီး ဖြင့်ဆက်လက်တူးဖော်သည်။ ထို သယံဇာတ တူးဖော်မှုတွင် ပါဝင်သောကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းရှင်များသည် စစ်ကောင်စီနှင့် ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင် နှစ်ဖွဲ့လုံးအား အခွန်ပေးဆောင်ကြသည်။

ထိုသတ္တုမိုင်းတူးဖော်ရေး လုပ်ငန်းများကို ပုံမှန်အားဖြင့် ခရိုင်အဆင့် ကရင်အမျိုးသားအစည်းအရုံး သတ္တုတွင်း ဌာနမှ တားမြစ်ထားသော်လည်း၊ မြို့နယ်အဆင့်ဝန်ထမ်းသည် သတ္တုမိုင်းတူးဖော်ခြင်းလုပ်ငန်းများ တိုးများ လာမှုကို ပိတ်ပင်ထားသော်လည်း ထို သတ္တုမိုင်းတူးဖော်ခြင်းလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်နေခြင်းများ တွေ့ရသည်။ သတိမမူခြင်းကြောင့် သယံဇာတ ထုတ်ယူသုံးစွဲမှုများကို “လက်ဦးသူ ရယူခြင်း” ပုံစံများဖြစ်လာ သည်။

အထက်ပါ ဂြိုလ်တုဓါတ်ပုံများသည် သတ္တုမိုင်းတွင်းများ လျင်မြန်စွာ များပြားလာကြောင်းကိုလည်းကောင်း၊ ဒေသခံလူထုများမှ အင်တာဗျူးမေးမြန်းထားချက်များက သတ္တုမိုင်းတူးဖော်သည့် စက်ယန္တရားကြီးများ မိုင်း တွင်းသို့ ဝင်ရောက်လုပ်ကိုင်နေကြကြောင်းကိုလည်းကောင်း ပုံဖော်နေကြသည်။ စစ်အာဏာသိမ်းပြီး အချိန်တို အတွင်း အနီးအနားပတ်ဝန်းကျင်ရှိ မြစ်ချောင်း၊ စမ်းချောင်းများ ညစ်ညမ်းလာပြီး သစ်တောများ ပြုန်းတီးလာမှု များက သတ္တုမိုင်းတူးဖော်သည့် လုပ်ငန်းအရေအတွက် သိသိသာသာ များလာကြောင်း၏ အဖြေပင်ဖြစ်သည်။ သတ္တုမိုင်းတူးဖော်သည့် လုပ်ငန်းများ တိုးများကြီးမားလာသည့် အကြောင်းရင်းများမှာ လက်နက်ကိုင် အဖွဲ့ အစည်းများမှ အခွန်ဘဏ္ဍာငွေရှာဖွေခြင်း၊ ဥပဒေများ သက်ရောက်မှုမရှိသောကြောင့် အကျင့်ပျက်ခြစားမှုများ များလာခြင်း၊ ဆင်းရဲမွဲတေမှု မြင့်တက်လာခြင်း၊ တည်ငြိမ်မှုပျက်ပြားလာခြင်းနှင့် အခြေခံကုန်ဈေးနှုန်းများ မြင့် မားလာခြင်း တို့ကြောင့်ဖြစ်ကြောင်းကို အောက်တွင် ထပ်မံဖော်ပြထားသည်။ အကြောင်းအရာများမှာ -

## လက်နက်ကိုင် အဖွဲ့အစည်းများမှ အခွန်ဘဏ္ဍာများရှာဖွေကောက်ခံလာခြင်း

သတ္တုမိုင်းတွင်းများ ကြီးမားလာခြင်းအကြောင်းရင်း၏ မူလဇစ်မြစ်မှာ လက်နက်ကိုင်အဖွဲ့အစည်းများသည် စစ်ပွဲ ပဋိပက္ခ ကာလအတွင်း လက်နက်နှင့် ကာကွယ်ရေးအတွက် ငွေကြေးများစွာ လိုအပ်လာ၍ အခွန်ငွေများ ကောက်ခံရှာဖွေလာသောကြောင့်ဖြစ်သည်။ သို့သော်လည်း ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ် ခရိုင်နှင့် စစ်ကောင်စီ တို့သာလျှင် ထိုသယံဇာတများကို တူးဖော်ထုတ်ယူနိုင်ရန် နယ်မြေစိုးမိုးမှု ရှိနေသည်။

## ဥပဒေများ သက်ရောက်မှု မရှိခြင်း


လျင်မြန်စွာ သယံဇာတ တူးဖော်ထုတ်ယူမှုများ ဖြစ်ပေါ်လာရခြင်းမှာ ဥပဒေများ သက်ရောက်မှုမရှိခြင်း၊နှစ် ဘက်အာဏာပိုင်များ၏ စည်းမျဉ်းများနှင့် စောင့်ကြည့်နိုင်မှုများ မလုပ်ဆောင်နိုင်ခြင်းတို့ကြောင့် ဖြစ်သကဲ့သို့ အောက်အဆင့် အာဏာပိုင်များနှင့် ဒေသတွင်းအာဏာရှိ လူကြီးများ/ရေပေါ်ဆီလူတန်းစားများနှင့် စီးပွားရေး လုပ်ငန်းရှင်များ၏ အခွင့်အရေး အကျိုးအမြတ်ယူခြင်းတို့ကြောင့်ဖြစ်သည်။ ထိုတူးဖော်မှုများတွင် ကျေးရွာ သူကြီးများ၊ မြို့နယ်အဆင့် အာဏာပိုင်များနှင့် အသေးစား စီးပွားရေးလုပ်ငန်းရှင်များပင် ပါဝင်သည်။ ထို အဖွဲ့အစည်းများသည် သယံဇာတတူးဖော်ထုတ်ယူသည့် လုပ်ငန်းများနှင့် သက်ဆိုင်သည့် တာဝန်ယူမှုနှင့် ဗဟုသုတ အလွန်နည်းပါးမှုများက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ပိုမိုကြီးထွားလာစေသည်။

## ဆင်းရဲမွဲတေမှု မြင့်တက်လာခြင်းနှင့် တည်ငြိမ်မှုပျက်ပြားခြင်း

စစ်အာဏာသိမ်းမှုကြောင့် တည်ငြိမ်မှုပျက်ပြားပြီး ပဋိပက္ခနှင့် ငွေရေးကြေးရေး အခက်အခဲများသည် ဒေသခံ ပြည်သူလူထုများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် ဝင်ငွေများအပေါ် ဆိုးရွားစွာ သက်ရောက်မှုရှိသည်။ ကွမ်းသီးစိုက်ပျိုးသော တောင်သူများသည်လည်း ငွေကြေးဖောင်းပွမှုနှင့် အဓိကအားဖြင့် စက်သုံးဆီဈေးနှုန်း မြင့်တက်ခြင်းကြောင့် ရင်းနှီးငွေကြေးမြင့်တက်လာခြင်း၊ ကုန်သည်များ စိုက်ပျိုးသီးနှံများအတွက် ရင်းနှီးငွေ မထုတ်နိုင်သဖြင့် ကြိုတင်ပေးချေခြင်းများ ပြုလုပ်လာရသောကြောင့် ဈေးကောင်းများမရခြင်းစသည်တို့ကို တွေ့ကြုံရသည်။ အိမ်ထောင်စုအများအပြားသည် တောင်ယာ၊ လယ်တောများမှ အစားအစာလုံလောက်မှုများ မရရှိနိုင်ခြင်းတို့ကြောင့် အိမ်တွင် သားသမီးများအား လုံလောက်စွာမကျွေးမွေးနိုင်သဖြင့် မြို့ပေါ်ရှိ ဘော်ဒါ ကျောင်းများသို့ ပို့ကြသည်။ ဆင်းရဲတွင်း နက်လာခြင်းသည်လည်း အိမ်ထောင်စုများအတွက် ဝင်ငွေရရှိရန် တစ်ခုတည်းသောနည်းလမ်းမှာ သတ္တုတူးဖော်၊ မိုင်းတွင်းတူးဖော်သည့် လုပ်ငန်းများသာရှိတော့သည်။

## အခြေခံကုန်ဈေးနှုန်းများ မြင့်မားလာခြင်း

တည်ငြိမ်မှုများ ပျက်ပြားလာခြင်းနှင့် ဘဏ္ဍာငွေရှာဖွေရန် လိုအပ်ချက်များလာခြင်း၊ ရွှေ နှင့် သံသတ္တု စသည့် ကုန်စည်များ အဝယ်လိုက်လာသောကြောင့် ရွှေနှင့် သံသတ္တုတူးဖော်ခြင်းလုပ်ငန်းများ တစ်ဟုန်ထိုး တူးဖော်လာကြသည်။ ဥပမာအားဖြင့် မတ်လ ၂၀၂၀ ခုနှစ် မှ မတ်လ ၂၀၂၂ ခုနှစ် အတွင်းတွင် သံသတ္တုတစ်တန်၏ ဈေးနှုန်းမှာ ဒေါ်လာ (၁၅၀,၀၀၀ - ၄၅၀,၀၀၀) ဖြင့် (၂၀၀ %) အထိ မြင့်တက်လာခဲ့သည်။[၃၁] ထို့ပြင် ရွှေဈေးနှုန်းသည်လည်း လွန်ခဲ့သောသုံးနှစ်အတွင်း ၂၀၁၉ တွင် တစ်အောင်စလျှင် (၁,၂၀၀) ဒေါ်လာမှ (၂,၀၀၀) ဒေါ်လာအထိ (၆၀ %) ခန့် ဈေးတက်ခဲ့သည်။[၃၂] တနင်္သာရီတိုင်းဒေသကြီးတွင် မြေပြင်အခြေအနေတွင်လည်း ယခင် ၂၀၁၈ ခုနှစ်တွင် မိုင်းတွင်းလုပ်သားတစ်ယောက်အတွက် သံသတ္တုတစ်ပိဿာ (၁.၆ ကီလို)လျှင် (၁၈,၀၀၀) ကျပ်ခန့် ရရှိသော်လည်း ၂၀၂၀ - ၂၀၂၁ ခုနှစ်တွင် (၃၀,၀၀၀ - ၇၀,၀၀၀) ကျပ်ဝန်းကျင်နှင့် ၂၀၂၂ ခုနှစ်တွင် ကျပ် (၂၀,၀၀၀ - ၂၂,၀၀၀) ဝန်းကျင်ခန့်အထိရှိခဲ့သည်။ အခြေခံကုန်ဈေးနှုန်းများ မြင့်မားလာခြင်းသည် တနင်္သာရီ ဒေသတွင်း ရွှေ နှင့် သံဖြူ တစ်ဟုန်ထိုးတူးဖော်ခြင်းများ ဖြစ်ပေါ်စေခဲ့ပြီး ဝင်ငွေများသော သတ္တုမိုင်းတူးဖော်ခြင်းလုပ်ငန်းများသို့ ကုမ္ပဏီများနှင့် လုပ်သားများစွာ ဝင်ရောက်လာသည်။ စစ်အာဏာသိမ်းပြီးနောက် နေရာအမြောက်အများတွင် သံယံဇာတတူးဖော်ခြင်း ပုံစံမျိုးစုံ ပြောင်းလဲလာသည်။ ဒေသအာဏာပိုင်များမှ ဦးစီးသော အသေးစား သတ္တုမိုင်းတူးဖော်ခြင်းလုပ်ငန်းများနှင့် သစ်ထုတ်လုပ်မှုများ များပြားလာသော်လည်း အချို့သောလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နေကြသူများရှိသကဲ့သို့ ပြန်လည်ထွက်ခွာသွားသောလုပ်ငန်းများလည်းရှိသည်။ ထို့ပြင် အခြားကြီးမားသောလုပ်ငန်းများသည် တည်ငြိမ်မှု ပြန်လည်တည်ဆောက်လာနိုင်သော အချိန်တွင် အနာဂတ် စီမံကိန်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အစီအစဉ်များ ချမှတ်ထားလျက်ရှိသည်။။




ပုံ ၇ - သံသတ္တုဈေးနှုန်း အညွှန်းကိန်း

## ပြောင်းလဲလာသော ရင်းနှီးမြှုပ်နှံမှုများ

စစ်အာဏာသိမ်းပြီးနောက် နေရာအတော်များများတွင် သယံဇာတ ထုတ်ယူသည့်ပုံစံများ ပြောင်းလဲလာသည်။

၃၁ https://tradingeconomics.com/commodity/tin
၃၂ https://goldprice.org/gold-price-history.html

ဒေသအာဏာပိုင်များလုပ်ဆောင်သော တရားမဝင်သစ်ထုတ်မှုနှင့် အသေးစား သတ္တုတူးဖော်မှုများ တစ်ဟုန်ထိုး များပြားနေသော်လည်း အခြားသော ရှိနှင့်နေပြီးသားလုပ်ငန်းများမှာ ယာယီသော်လည်းကောင်း၊ အပြီးတိုင်သော်လည်းကောင်း ဒေသတွင်းမှ ထွက်ခွာသွားကြသည်။ အခြားကြီးမားသော လုပ်ငန်းများမှာမူ ခြေလှမ်းသစ်များမစမီ ခြေတစ်လှမ်းဆုတ်ထားသကဲ့သို့ ဆက်လက်အကောင်အထည်ဖော်နေသော လုပ်ငန်းများနှင့် အနာဂတ်တွင် အခြေအနေတည်ငြိမ်လာသောအခါ လုပ်ကိုင်နိုင်ရန် ရည်ရွယ်ချက်များဖြင့် အစီအစဉ်များ ချထားလုပ်ဆောင်နေသည်ကို တွေ့ရသည်။

| လုပ်ငန်းအမျိုးအစား | ဖော်ပြချက် | ဥပမာများ |
|---|---|---|
| ငွေသားလျင်မြန်စွာ ရရှိသော လုပ်ငန်းများ | စစ်ကောင်စီနှင့် ကရင်အမျိုးသား အစည်းအရုံး - ဖြိတ်ထားဝယ်ခရိုင် တို့သည် ကာကွယ်ရေးကိစ္စများအတွက် ဖြစ်စေ၊ အချို့သော ကိစ္စရပ်များတွင် ကိုယ်ကျိုးအတွက်ဖြစ်စေ အသေးစား သတ္တုတူးဖော် ရေးလုပ်ငန်းများနှင့် သစ်ထုတ်လုပ်ငန်းများမှ အကျိုးအမြတ် လျင်မြန်စွာ ရရှိနိုင်အတွက် ၎င်းတို့ ကိုယ်တိုင်ပါဝင်ကာ မကြာခဏ လုပ်ဆောင်ကြသည်။ | သဘော့လိပ်သတ္တုမိုင်း၊ တနင်္သာရီ သဘာဝထိန်းသိမ်း ရေးဧရိယာရှိ ရွှေတူးဖော်သည့် မိုင်းတွင်းများနှင့် ချိတ်ဆက်ထား သော တရားမဝင်သတ္တုမိုင်းများ။ |
| ထွက်ခွာသွားသော လုပ်ငန်းများ | ဒေသတွင်းပဋိပက္ခများ တိုးလာခြင်း၊ ငွေကြေးမတည်ငြိမ်မှုများနှင့် မရေရာ သော အနာဂတ်အခြေအနေတို့ကြောင့် အချို့သော အကြီးစားရင်းနှီးမြှုပ်နှံမှု များသည် ဒေသတွင်းမှ ထွက်ခွာသွားကြ သည်။ အချို့သော ကန်ထရိုက်များသည် ဖျက်သိမ်းပြီး အချို့ကန်ထရိုက်များထံသို့ လက်ဆင့်ကမ်း လွှဲပြောင်းကြသည်။ | ဟိန်းဒါးသတ္တုမိုင်း၊ ထားဝယ် အထူးစီးပွားရေးဇုံ (အတည်ပြု နိုင်ခြင်းမရှိသေးပါ) |
| ရှိနေပြီးသားလုပ်ငန်းများ | အခြေအနေကောင်းလာလျှင် ဆက်လက် လုပ်ကိုင်ရန် စိတ်ဝင်စားမှုရှိပြီး လတ်တလော အခြေအနေအခက်အခဲ များကြောင့် ယာယီရပ်ဆိုင်းထားရသော လုပ်ငန်းများလည်းရှိသည်။ | ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများ၊ ဘန်းချောင်း ကျောက်မီးသွေး မိုင်း |
| ဆက်လက်အကောင် အထည်ဖော်နေသော လုပ်ငန်းများနှင့် လုပ်ငန်း အသစ်များ (ခရိုနီ အသစ် များ) | စစ်အာဏာမသိမ်းမီနှင့် သိမ်းပြီး မကြာမီ စတင်ခဲ့သော အကြီးစားလုပ်ငန်းများနှင့် ဆက်လက်လုပ်ကိုင်လိုသော လုပ်ငန်းများ၊ နှစ်ဖက်သောအုပ်ချုပ်ရေးမှ လုပ်ပိုင်ခွင့်ရ ရှိပြီး တောင့်တင်းခိုင်မာသော အချိတ်အဆက်များရှိသည်။ | ၂၄ နာရီ သတ္တုကုမ္ပဏီအုပ်စု၊ ဝ ဇုန်ချောင်း ရေကာတာ စသည့် လုပ်ငန်းများ |

| | | |
|---|---|---|
| ကနဦး စမ်းသပ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ | ကနဦးစမ်းသပ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် တည်ငြိမ်မှုရှိလာသည့်အခါတွင် အနာဂတ်စီမံကိန်းများ လုပ်ဆောင်ရန် အကြံရှိသည်။ ထိုလုပ်ငန်းများတွင် ဆည်များ၊ အခြားအကြီးစား စွမ်းအင်ထုတ်လုပ်သည့် စီမံကိန်းများနှင့် အခြေခံအဆောက်အအုံ စီမံကိန်းများ ပါဝင်သည်။ | အကြီးစား ဆည်တာတမံ စီမံကိန်းလုပ်ငန်းများ။ |

အသေးစားနှင့် အလတ်စားလုပ်ငန်းများ များပြားလာသည်နှင့်အမျှ အကြီးစား နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများ ထွက်ခွာသွားကြသည်။ ဥပမာ ပြင်သစ် စွမ်းအင်ကုမ္ပဏီကြီးဖြစ်သည့် TOTAL သည် ရေဖြူမြို့နယ်ရှိ သဘာဝဓါတ်ငွေ့ လုပ်ငန်းစီမံကိန်းများမှ ထွက်ခွာပြီး ထားဝယ်အထူးစီးပွားရေးဇုံသည်လည်း ယခု နိုင်ငံရေး အကျပ်အတည်းကာလအတွင်း လုံလောက်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဆွဲဆောင်နိုင်မည်မဟုတ်ပါ။ ထားဝယ်ခရိုင်ရှိ သံဖြူသတ္တုမိုင်းလုပ်ငန်းကြီးများ ဖြစ်သည့် ဟိန်းဒါး နှင့် ဘဝပင် မိုင်းတွင်းများသည်လည်း လုံခြုံရေးစိုးရိမ်မှုများနှင့် မြန်ဆန်သော ငွေကြေးဖောင်းပွမှုများကြောင့် တူးဖော်ခြင်းလုပ်ငန်းများကို ယာယီရပ်ဆိုင်းထားရသည်။ စစ်တပ် (သို့မဟုတ်) စစ်တပ်နှင့်ပတ်သက်သော ကုမ္ပဏီများက ထွက်ခွာသွားသော အကြီးစားလုပ်ငန်းကြီးနေရာများသို့ အစားထိုးဝင်ရောက်လာသည်။ ဥပမာအားဖြင့် ထားဝယ်ခရိုင်တွင် လုပ်ကိုင်နေသော မြန်မာပွန်ပီပက်ကုမ္ပဏီ၏ ဟိန်းဒါး သတ္တုမိုင်းစာချုပ်ကို မြန်မာ့ဦးပိုင်စီးပွားရေးကုမ္ပဏီထံသို့ တိတ်တဆိတ် လက်ပြောင်းလက်လွှဲ လုပ်ခဲ့ကြသည်။

စစ်အာဏာသိမ်းပြီးကတည်းက တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အလတ်စားလုပ်ငန်းများ ကြီးစိုးလာပြီး ၎င်းတို့၏ စီမံကိန်းပုံစံကို ပြောင်းလဲခြင်း သို့မဟုတ် စီမံကိန်းအရွယ်အစား လျှော့ချခြင်းများ ပြုလုပ်လာခြင်းသည် တည်ငြိမ်မှုရရှိလာသောအခါ လုပ်ငန်းပြန်လည်စတင်နိုင်ရန်အတွက် ဖြစ်နိုင်သည်။ ဥပမာအားဖြင့် ဘန်းချောင်း ကျောက်မီးသွေးမိုင်းတွင်းသည် အာဏာသိမ်းပြီးနောက်ပိုင်းမှ ယခုကာလအထိ မည်သည့်ကုမ္ပဏီမှ လုပ်ငန်းပြန်လည်စတင်ရန် ကြိုးစားခြင်း မပြုကြသေးပါ။ ထို့အတူ ဒေသတွင်း၏ ကြီးမားကျယ်ပြန့်သော မြေနေရာများကို အသုံးပြုထားသော ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းများသည် တိုးချဲ့စိုက်ပျိုးမှုမရှိဘဲ ယာယီရပ်ဆိုင်းထားကြသည်။ စိုက်ပျိုးမြေအများအပြားသည် ဆီအုန်း စိုက်ပျိုးခြင်းများ မလုပ်ကိုင်ကြတော့ပဲ ကုမ္ပဏီအလုပ်သမားများသည် ကွမ်းသီးနှင့် အသီးအနှံများအား ချဲ့ထွင်မြေများတွင် စိုက်ပျိုးလာကြသည်။ ထိုသို့ ပြောင်းလဲလာခြင်းမှာ လျှပ်စစ်ဓါတ်အားများ မလုံလောက်ခြင်းကြောင့် လုပ်ငန်း မလည်ပတ်နိုင်ခြင်းနှင့် လုံခြုံရေးအခြေအနေများ ဆိုးရွားလာခြင်းတို့ကြောင့် ကုမ္ပဏီများသည် စိုက်ပျိုးရေး လုပ်ငန်းစီမံကိန်းများတွင် ရေရှည်ရင်းနှီးမြှုပ်နှံမှုများအတွက် စီစဉ်ထားခြင်းမရှိသည်ကိုတွေ့ရသည်။

နိုင်ငံရေးမတည်ငြိမ်မှုများ ရှိသော်လည်း များစွာသော အလတ်စားနှင့် အကြီးစားစီမံကိန်းများ ဆက်လက်လုပ်ကိုင်နေသည်ကို တွေ့ရသည်။ ဘုတ်ပြင်းမြို့နယ်တွင် ၂၄ နာရီ သတ္တုမိုင်းကုမ္ပဏီသည် ထုံးကျောက်များနှင့် ဘိလပ်မြေ ထုတ်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်နေသည်။ ထိုလုပ်ငန်းသည် ၂၀၁၉ ခုနှစ်တွင် မြန်မာအစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင် တို့ နှစ်ဖွဲ့လုံး ခွင့်ပြုပေးခဲ့သည့် လုပ်ငန်းများဖြစ်သည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ကုမ္ပဏီသည် ဆွေးနွေးတိုင်ပင်ခြင်းများပြုလုပ်ပြီး ဘိလပ်မြေ စက်ရုံလုပ်ငန်းကို ကမ်းရိုတန်းနေရာတွင် ဆက်လက်လုပ်ကိုင်ရန် အစီအစဉ်ရေးဆွဲခဲ့သည်။ အဆိုးဘက်သို့ ပြောင်းလဲမှုများ လျင်မြန်စွာဖြစ်ပေါ်နေသော်လည်း မြန်မာအစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင် တို့ နှစ်ဖွဲ့လုံး၏ ထောက်ခံအားပေးမှုဖြင့် အချို့သောကုမ္ပဏီများမှာ ရှေ့ဆက်ရန် ခြေလှမ်းပြင်နေကြသည်။

ထို့အတူ တနင်္သာရီတိုင်း စစ်ကောင်စီ နှင့် ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင် နှစ်ဖွဲ့တို့ မကြာခဏ စည်းဝေးတိုင်ပင်မှုများပြုလုပ်ပြီး အကြီးစား ဆည်တာတမံ လုပ်ငန်းများကို ရှေ့တိုး လုပ်ဆောင်လာကြသည်။ တရုတ်နိုင်ငံပိုင် ပါဝါချိုင်းနား ကုမ္ပဏီမှ ကျောထောက်နောက်ခံပေးသော အခြားကုမ္ပဏီ

ငယ်များမှလည်း အကြီးစား ဆည်တာတမံ တည်ဆောက်ရေးလုပ်ငန်းများလုပ်ဆောင်ရန် တနင်္သာရီ မြစ်တစ်လျှောက် နေရာများနှင့် မြစ်လက်တက်နေရာများတွင် အသီးသီးနေရာယူထားပြီးဖြစ်သည်။ ယခုနိုင်ငံရေးအခြေအနေများကြောင့် ထိုစီမံကိန်းလုပ်ငန်းများသည် ရှေ့တိုး မလုပ်ဆောင်နိုင်သော်လည်း တည်ငြိမ်လာသောအချိန်တွင် လုပ်ဆောင်နိုင်ရန် အစီအစဉ်များရေးဆွဲလျက် စောင့်ဆိုင်းနေဟန်ရှိသည်။

## ထုတ်ကုန်ကွင်းဆက်များနှင့် အခွန်ကောက်ခံမှု

### ထုတ်ကုန်ကွင်းဆက်များ

အဓိက သယံဇာတ အခြေပြု ထုတ်ကုန်ကွင်းဆက်များ လုပ်ကိုင်သူများမှာ ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများဖြစ်ပြီး ပြင်းထန်လာသော အကြမ်းဖက်မှုများနှင့် မတည်ငြိမ်မှုများကြောင့် စစ်ကောင်စီ နှင့် ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင် တို့အောက်မှ အားနည်းသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများဖြင့် လုပ်ကိုင်ကြသည်။ ယခင်က ရှိထားနှင့်ပြီးသော သတ္တုမိုင်းတွင်းများသည် ယခင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရလက်ထက်မှ ဖြစ်စေ၊ ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင် မှဖြစ်စေ၊ လုပ်ကိုင်ခွင့်ပါမစ် ရရှိထားသော်လည်း များစွာသောလုပ်ငန်းများသည် လုပ်ကိုင်ခွင့်ပါမစ်မရှိပဲ တရားမဝင် လုပ်ကိုင်ပြီး ရှိပြီးသားမိုင်းတွင်းများတွင် တဆင့်ခံကန်ထရိုက်များဖြင့် လုပ်ကိုင်ကြခြင်းများလည်းရှိသည်။ စီးပွားရေးလုပ်ငန်းရှင်များဖြစ်စေ၊ ကုမ္ပဏီများဖြစ်စေ သတ္တုမိုင်းတွင်းများသို့ စက်ယန္တရားများကို ကိုယ်ပိုင်သော်လည်းကောင်း၊ နီးစပ်ရာမြို့များမှ သော်လည်းကောင်း ငှားရမ်းကာ တူးဖော်ကြသည်။

အသေးစားလုပ်ငန်းများ လုပ်ကိုင်သည့် မိုင်းတွင်းပိုင်ရှင်များသည် သတ္တုနှင့် ရွှေများကို အနီးဆုံး မြို့နယ်များတွင် ရောင်းချကြပြီး အကြီးစားလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများသည် မိုင်းတွင်းရှိရာသို့ သွားရောက် ဝယ်ယူကြကာ ကုန်းလမ်းနှင့် ရေလမ်းများမှတဆင့် ကမ်းရိုးတန်းမြို့များသို့ သယ်ဆောင်ရောင်းချကြသည်။ ယခင်က ကျွန်းသစ်များနှင့် သယံဇာတများသည် ထိုင်းနယ်စပ်သို့ တင်ပို့ကြသော်လည်း ယခုတွင် များပြားလှသော သယံဇာတများကို မြိတ်ဆိပ်ကမ်းမှတစ်ဆင့် နိုင်ငံတကာသို့ သင်္ဘောဖြင့် ကမ္ဘာ့ဈေးကွက်သို့ တင်ပို့သည်။

လွန်ခဲ့သောနှစ်များတွင် မြန်မာသည် ကမ္ဘာ့သံဖြူ သတ္တုဈေးကွက်တွင် တင်ပို့မှုအများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပြီး တရုတ်နှင့် မလေးရှားဈေးကွက်သို့ အများဆုံး တင်ပို့ရောင်းချသည်။ တရုတ်နိုင်ငံသည် အထူးသဖြင့် ဝ ဒေသတွင်[၃၃] သတ္တုမိုင်းတွင်းများ လုပ်ကိုင်လာပြီးနောက် မြန်မာ့အကြီးမားဆုံး သံဖြူဈေးကွက်ဖြစ်လာပြီး ၂၀၁၇ ခုနှစ်တွင် တန်ဖိုး ဒေါ်လာ (၉၁၉) သန်း ရှိသော သံဖြူပမာဏ ကီလို (၂၉၂) သန်း တင်ပို့ခဲ့ပြီး၊ ၂၀၂၁ အာဏာသိမ်းပြီးနောက် ဒေါ်လာ (၇၆၁) သိန်း တန်ဖိုးရှိသော သံဖြူပမာဏ ကီလို (၁၄၇) သန်းကို တင်ပို့ခဲ့သည်။ အများအားဖြင့် တနင်္သာရီတိုင်းဒေသထွက် တန်ဖိုး ဒေါ်လာ (၈.၁) သန်း ရှိသော သံဖြူသတ္တု (၃၅၃,၀၀၀) ကီလိုကို မလေးရှားသို့ တင်ပို့ခဲ့သည်။[၃၄] ထိုင်းနိုင်ငံသို့ သံဖြူသတ္တု တင်ပို့မှုများရှိသော်လည်း ပမာဏ အနည်းငယ်သာဖြစ်သည်။

သမိုင်းကြောင်းအစဉ်အလာအရ သစ်ထုတ်လုပ်မှုသည် မတည်ငြိမ်မှုကာလများတွင် စစ်တပ်ဝင်ငွေရရှိရေးအတွက် အရေးကြီးသော အရင်းအမြစ်ဖြစ်သည်။ အာဏာသိမ်းပြီးနောက်ပိုင်း အမေရိကန်၊ ဗြိတိန်နှင့် ဥရောပ နိုင်ငံတို့မှ သစ်ဝယ်ယူမှုကို ပိတ်ပိတ်တားမြစ်ထားသော်လည်း နိုင်ငံတကာဈေးကွက်သို့ သစ်တင်ပို့မှုများဆက်လက်တိုးလာနေသည်။[၃၅] Forest Trends မှတင်ပြသည့်အစီရင်ခံစာတမ်းအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ

---

၃၃ https://news.metal.com/newscontent/100086938/Myanmar-tin-exports-to-China-hit-all-time-high-during-January/

၃၄ UN comtrade. 2022. Accessed at: https://comtrade.un.org/

၃၅ Environmental Investigation Agency. 2021. The Italian Job: how Myanmar timber is trafficked through Italy to the rest of Europe despite EU laws. Accessed at: https://eia-international.org/report/the-italian-job-how-myanmar-timber-is-trafficked-through-italy-to-the-rest-of-europe-despite-eu-laws/

နှင့် ၂၀၂၁ ခုနှစ် နိုဝင်ဘာလအတွင်း အမေရိကန်ဒေါ်လာသန်း (၁၉၀) ကျော်တန်ဖိုးရှိသော သစ်များကို တင်ပို့ခဲ့ရာ ပိတ်ပင်တားမြစ်မှု ကြေငြာထားသော နိုင်ငံများသို့ (၃၁) သန်းဖိုးကို တင်ပို့ခဲ့သည်။[၃၆] တနင်္သာရီတိုင်းဒေသကြီးအတွင်း သုတေသနဖြေကြားချက်များအရ သစ်အများအပြားသည် ထိုင်းနိုင်ငံနယ်စပ်ထက် မြိတ်သို့မဟုတ် သရက်ချောင်းသို့ ပို့ဆောင်ပြီး မလေးရှားသို့တင်ပို့ခြင်း ဖြစ်ကောင်းဖြစ်နိုင်သည်။

| ခုနှစ် | မလေးရှားပို့ကုန် | | တရုတ်ပို့ကုန် | |
|---|---|---|---|---|
| | အရေအတွက် (ကီလိုဂရမ်) | ကုန်သွယ်မှုတန်ဖိုး (အမေရိကန် ဒေါ်လာ) | အရေအတွက် (ကီလိုဂရမ်) | ကုန်သွယ်မှုတန်ဖိုး (အမေရိကန် ဒေါ်လာ) |
| ၂၀၁၇ | ၁,၁၉၀,၅၁၄ | ၁၂,၁၂၇,၂၁၉ | ၂၉၂,၅၄၄,၉၅၅ | ၉၁၀,၃၈၈,၅၉၄ |
| ၂၀၁၈ | ၁,၄၇၇,၀၃၀ | ၁၆,၁၁၆,၂၇၅ | ၂၁၈,၇၀၃,၇၃၀ | ၇၁၆,၃၆၀,၃၇၉ |
| ၂၀၁၉ | ၁,၄၇၇,၀၃၀ | ၁၆,၇၀၆,၇၃၉ | ၁၆၇,၆၄၂,၀၂၀ | ၅၇၇,၀၈၇,၃၄၀ |
| ၂၀၂၀ | ၂၄၃,၈၂၀ | ၂,၉၁၇,၉၃၀ | ၁၄၅,၀၇၆,၅၂၀ | ၄၄၆,၈၀၈,၀၉၁ |
| ၂၀၂၁ | ၃၅၃,၅၄၈ | ၈,၁၄၄,၇၈၀ | ၁၄၇,၁၃၆,၀၁၀ | ၇၆၁,၁၄၅,၄၀၂ |

ပုံ ၈ - အချက်အလက် - UN Comtrade

## အခွန်ကောက်ခံခြင်း

> "ဘယ်အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ယူလုပ်ဆောင်တာမရှိဘူး. သူတို့တွေ ထုတ်ယူသုံးစွဲပြီး မြေကြီးနဲ့ သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးပြီး တာဝန်ယူစိတ်လဲမရှိဘူး. ဘယ် အဖွဲ့အစည်းမှ ကြီးကြပ်စောင့်ကြည့်တာလဲ မရှိ၊ တင်ပြတာလဲ မရှိ နဲ့… သူတို့ အခွန်ပဲကောက်ယူကြတယ်" – ဒေသခံတစ်ဦး၊ မြိတ်ခရိုင်။

မတည်ငြိမ်သောကာလတွင် လက်နက်ကိုင်အဖွဲ့အစည်းများသည် ဘဏ္ဍာငွေရှာဖွေရန်အတွက် သယံဇာတ ထုတ်ယူခြင်းများနှင့် ပတ်သက်၍ အခွန်ကောက်ခံခြင်းနှင့် ဆက်ကြေးငွေကောက်ခံခြင်းများကို ပိုမိုလုပ်ဆောင်လာသည်။ အခွန်ကောက်ခံခြင်းလုပ်ငန်းများသည် မလျှော်ညီပဲ အတင်းအကြပ်ကောက်ခံမှုများရှိပြီး သယံဇာတ ထုတ်ယူသူများသည်လည်း လက်နက်ကိုင်အဖွဲ့အစည်းများစွာသို့ ပေးဆောင်ရသည်။ ထို့အပြင် သတ္တုမိုင်းတွင်းများတွင် လက်နက်ကိုင်များမှ ဆက်ကြေးငွေကောက်ခံမှုများနှင့် ပတ်သက်သောကိစ္စရပ်များလည်း များပြားလာသည်။ စစ်ကောင်စီသည် အဲန်အယ်လ်ဒီအစိုးရလက်ထက် လိုင်စင်ချမှတ်ထားသော မိုင်းတွင်းများကို အခွန်များကောက်ခံရန် ၂၀၁၅ ခုနှစ် သတ္တုမိုင်းဥပဒေကို ဆက်လက်အသုံးပြုသည်။ များသောအားဖြင့် (၃၀ - ၇၀%) ဖြင့် တူးဖော်ပစ္စည်းများအား ပေးယူမှုဝေကြရပြီး သံသတ္တုနှင့် ရွှေများကို (၄ - ၅ %) ဖြင့် အခွန်ကောက်ခံသည်။[၃၇] အချို့သောကိစ္စရပ်များတွင် စစ်ကောင်စီ ဝန်ထမ်းများသည် သတ္တုတူးဖော်မှုများအား မိုင်းတွင်းနေရာများအထိသွားရောက်ကာ ငွေကြေးများလိုအပ်သလို အတင်းအကြပ်ကောက်ခံကြသည်။

ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင်တွင် အခွန်ကောက်ခံမှု နည်းလမ်းများစွာရှိသည်။ ပထမဆုံး အနေဖြင့် အခွန်ကောက်ခံသည့်ဂိတ်များထားရှိပြီး စည်းကြပ်ခွန်များ ကောက်ခံခြင်းအားဖြင့် ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင်၏ အခွန်ဘဏ္ဍာကို ဖြည့်တင်းသည်။ ဖြေကြားပေးသူများ ပြောကြားချက်အရ စစ်အာဏာသိမ်းပြီးနောက်ပိုင်း မိုင်းတွင်းဝန်းကျင်တွင် အခွန်ကောက်ခံသည့်ဂိတ်များ သိသိ

၃၆ Forest Trends. 2022. Myanmar's Timber Trade One Year Since the Coup. Accessed at: https://www.forest-trends.org/wp-content/uploads/2022/03/Forest-Trends_Myanmars-Timber-Trade-One-Year-Since-the-Coup.pdf

၃၇ Government of Myanmar. Pyitaungsu Hluttaw Law No.72/2015: Law amending the Myanmar mining law. Available at: https://myanmar-law-library.org/law-library/laws-and-regulations/laws/myanmar-laws-1988-until-now/union-solidarity-and-development-party-laws-2012-2016/myanmar-laws-2015/pyidaungsu-hluttaw-law-no72-2015-law-amending-the-myanmar-mining-law-burmese.html

သာသာ များလာသည်။ အာဏာပိုင်များသည် စက်ယန္တရား တစ်ခုချင်းစီတွင်လည်းကောင်း၊ လုပ်ငန်းတစ်ခုစီအတွက် ကုန်ပစ္စည်း ပမာဏအပေါ်မူတည်၍သော်လည်းကောင်း ကောက်ခံလျှက်ရှိသည်။ အချို့အခြေအနေများတွင် ကျေးရွာသူကြီးများသည်လည်း လုပ်ငန်းဖော်ဆောင်နေမှုများတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အခွန်ငွေကောက်ခံပြီး များသောအားဖြင့် ကိုယ်ကျိုးအတွက် သုံးစွဲကြသည်။ အခွန်ပေးဆောင်ရသည့် ပမာဏသည် သတ်သတ်မှတ်မှတ် မရှိသကဲ့သို့ ဖြစ်နေပါသည်။ ဥပမာအားဖြင့် ကရင်အမျိုးသားအစည်းအရုံးသည် အချို့မိုင်းတွင်းများတွင် စက်ယန္တရား တစ်စီးကို (၅၀,၀၀၀) ကျပ် ကောက်ခံပြီး အချို့မိုင်းတွင်းများတွင် (၅၀၀,၀၀၀ - ၁,၂၀၀,၀၀၀) ကျပ် ကောက်ခံသည်။

မြို့နယ်နှင့် ခရိုင်အဆင့် ကောက်ခံရရှိသော အခွန်ငွေများကို ကရင်အမျိုးသားအစည်းအရုံး ဗဟိုသို့ ယခင်က (၅၀%) ပေးဆောင်ရပြီး ယခုတွင် (၁၄%) ထိ ပေးဆောင်ရမည် ဖြစ်သည်။[၂၈] ကရင်အမျိုးသားအစည်းအရုံးသည် ဗဟိုချုပ်ကိုင်မှု အားကောင်းစဉ်ကာလတွင် ခရိုင်အားလုံးအား သယံဇာတ အကျိုးအမြတ်များကို လျှော်ညီစွာ ခွဲဝေပေးခဲ့ပြီး သယံဇာတ နည်းပါးသောနယ်မြေများအတွက် အုပ်ချုပ်ရေးလိုအပ်ချက်နှင့် သက်ဆိုင်သည့် ဘတ်ဂျက်များကို မျှဝေပေးသည်။ ခရိုင်အခွန်ငွေများကို (၆၅/၃၅) အချိုးဖြင့် စစ်ရေးအသုံးစရိတ်နှင့် အုပ်ချုပ်ရေးဌာန အသုံးစရိတ်များအဖြစ် သုံးစွဲခွင့်ရကြသည်။ ဤကဲ့သို့ စည်းမျဉ်း၊ စည်းကမ်းများနှင့် လုပ်ငန်းစဉ်များ ရှိသော်လည်း လက်တွေ့တွင် ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင်သည် ကျင့်သုံးနိုင်ခြင်း မရှိတော့ဘဲ ခရိုင်ရုံးသည် စီးပွားရေးလုပ်ငန်းမှ ဝင်ငွေများကို တင်ပြခြင်းနည်းပါးလှသည်။

လူထုကာကွယ်ရေးတပ်များ၊ ဒေသခံကာကွယ်ရေးတပ်များနှင့် အခြား တော်လှန်ရေး လက်နက်ကိုင်တပ်များနှင့် အုပ်ချုပ်ရေးပုံစံများသည် ဘဏ္ဍာငွေများ လိုအပ်ချက်မြင့်မားလာသည်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သယံဇာတလုပ်ငန်းများနှင့် ပတ်သက်သော အခွန်ကောက်ခံမှုများကို လုပ်ငန်းလုပ်ဆောင်ခြင်း စံသတ်မှတ်ချက်စနစ်များ ဖြန့်ဝေခဲ့သော်လည်း တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် ဝင်ငွေခွန်များ မကောက်ခံနိုင်သေးပါ။ လူထုကာကွယ်ရေးတပ်များနှင့် ဒေသခံကာကွယ်ရေးတပ်များသည် ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ် ခရိုင်၏ ဟန့်တားခြင်းကြောင့် မည်သည့် အခွန်ဂိတ်မှ ထားပိုင်ခွင့်မရှိပါ။ ထို့ကြောင့် ၎င်းတို့သည် ဒေသတွင်းပြည်သူလူထုတို့၏ အလှူငွေများနှင့် နိုင်ငံတကာရောက်ရှိနေသော ပြည်သူများ၏ အလှူငွေများဖြင့် ရပ်တည်လျှက်ရှိသည်။

## ဖြစ်စဉ် လေ့လာမှု - ဒီရေတောအတွင်း မီးသွေးထုတ်လုပ်ခြင်း ဖြစ်ရပ်

မြန်မာနိုင်ငံသည် နိုင်ငံတော်မူဝါဒအရ ကျောက်မီးသွေး တင်ပို့ရောင်းချခြင်းကို ပိတ်ပင်တားမြစ်ထားသော်လည်း ကမ္ဘာ့ ကျောက်မီးသွေးအများဆုံး တင်ပို့သည့် နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်နေသည်။ အထင်ရှားဆုံးသော မီးသွေးထုတ်လုပ်သည့် နေရာနှစ်နေရာမှာ ကမ်းရိုးတန်းဒေသနှင့် ကချင်ပြည်နယ် မြောက်ပိုင်းဒေသတို့ဖြစ်ကြသည်။ ကမ်းရိုးတန်းဒေသတွင် တနင်္သာရီတိုင်းဒေသကြီးသည် ထိုင်း ဈေးကွက်သို့ မီးသွေးတင်ပို့ပြီး ကချင်ပြည်နယ် လုပ်ငန်းသည် တရုတ်ဈေးကွက်သို့ တင်ပို့သည်။ မီးသွေးသည် လျှပ်စစ်ပစ္စည်းများအတွက် ဆီလီကွန် ချပ်စ်ပြားနှင့် ဆိုလာပြားများအတွက်၊ များပြားသော ဆီလီကွန်သတ္တုများထုတ်လုပ်ရေးအတွက် အသုံးပြုသည်။

ဒီရေတော သစ်ပင်များသည် တာရှည်လောင်ကျွမ်းနိုင်ပြီး ကယ်လိုရီသတ္တုများ ပါဝင်သောကြောင့် မီးသွေးထုတ်လုပ်ရန်အတွက် တောင်းဆိုမှုလိုအပ်ချက် များပြားလှသည်။ ဒီရေတောပြုန်းတီးရခြင်းသည် မီးသွေးထုတ်လုပ်ခြင်းကြောင့်ဖြစ်ပြီး ဒေသတွင်း ပြည်သူလူထု စွမ်းအင်လိုအပ်ချက်များ၏ ၈၅ % သည် မီးသွေးထုတ်လုပ်ခြင်းမှ ရရှိသည်။ ၁၉၉၀ ခုနှစ်နောက်ပိုင်း ထိုင်းအစိုးရ၏ မီးသွေးထုတ်လုပ်ခြင်းကို ပိတ်ပင်တားမြစ်လိုက်သည့် အချိန်မှစတင်ပြီး မြန်မာပြည်၏ မီးသွေးထုတ်လုပ်မှု မြင့်မားလာသည်။

၂၈ The districts have to share remaining taxes to the service delivery departments for development.

ထိုင်း ကုန်သည်များသည် လိုအပ်သောအရင်းအနှီးများကို ထုတ်ပေးသည်သာမက ပိုမိုကောင်းမွန်သော အရည်အသွေးနှင့် ဈေးကွက်ဝင်ရောက်ရန်အတွက် ပညာရပ်ပိုင်းဆိုင်ရာများကိုလည်း ထောက်ပံ့ပေးသည်။ မြန်မာစစ်တပ်နှင့် ပတ်သက်သော လက်နက်ကိုင်တပ်များသည် အင်အားကြီးသော မီးသွေးထုတ်လုပ်ခြင်း လုပ်ငန်းများကို သိသာထင်ရှားစွာ လုပ်ကိုင်ကြသည်။ ဒီမိုကရေစီ အသွင်ပြောင်းကာလတွင် လူမှုအဖွဲ့အစည်းများနှင့် ဒေသခံ အဖွဲ့အစည်းများသည် သစ်တောပြုန်းတီးခြင်းနှင့် ပတ်သက်ပြီး တရားမဝင် ထုတ်လုပ်ခြင်းများအတွက် မကျေနပ်ချက်များ တိုင်ကြားနိုင်ပြီး တရားမဝင် သစ်ထုတ်လုပ်မှုများကို ဒေသခံများ စုပေါင်း၍ ပုံမှန် ကင်းလှည့်စစ်ဆေးခဲ့ကြသည်။ သို့သော်လည်း ၂၀၂၁ ခုနှစ်စစ်အာဏာသိမ်းပြီးနောက် ထို ကင်းလှည့်ခြင်းများအား မလုပ်ဆောင်နိုင်တော့ပါ။ တိုးပွားလာသော ထုတ်လုပ်ရောင်းချမှုများကြောင့် နှစ်ပေါင်း (၂၀) အတွင်း ဒီရေတောလွှမ်းမိုးမှု၏ ၆၀ % ကျဆင်းခဲ့သည်။

နေ့စား အမျိုးသမီးတစ်ဦး သည် ဒီရေတော ပျက်စီးပြုန်းတီးခြင်းနှင့် ပတ်သက်ပြီး အစားအစာဖူလုံရေးကို ခြိမ်းခြောက်မှုများဖြစ်သည်ကို “ယခုအခါ ငါး၊ ပုဇွန်များ နည်းပါးလာပြီး ဒီရေတောသစ်ပင်များသည်လည်း နည်းလာသည်။ ဘာလို့လဲဆိုတော့ ဒီရေတောတွေဟာ အဲ့ ငါး၊ ပုဇွန် ပေါက်ဖွားရာ အိမ်တွေပဲလေ.. ကျမတို့လို ဆင်းရဲတဲ့အိမ်ထောင်မိသားစုတွေဟာ ဒီရေတောထဲက ငါးတွေ၊ ပုဇွန်တွေ၊ ဂုံး ကောင်တွေ ရှာဖွေစားသောက်ခဲ့ပြီး အိမ်ထောင်ပြုတဲ့အချိန်ထိ အစားအစာအတွက် ပိုက်ဆံ သုံးစရာမလိုခဲ့ဘူး.. ဒါပေမဲ့ အခုတော့ ကျမ မိသားစု စားသောက်ရေးအတွက် နေ့တိုင်း ဝယ်ခြမ်းနေရတယ်.”

# အပိုင်း (၃)
## သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာထိခိုက်မှုများ

တနင်္သာရီတိုင်းဒေသကြီးအတွင်း ကြီးမားကျယ်ပြန့်လာသော ဥပဒေ ပျက်စီးယိုယွင်းလာမှုနှင့် စစ်ရေးအတွက် သယံဇာတ ထုတ်ယူသုံးစွဲမှုများတို့ကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းအကျိုးဆက်များ ကြီးမား လာသည်။ ထို့အပြင် မြေပြင်တွင် ကြမ်းတမ်းလာသော အခြေအနေများကလည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း သူများ၏ မြေယာနှင့် သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ထိန်းသိမ်ရေးလုပ်ငန်း များကို လုပ်ဆောင်နိုင်မှု လျော့ပါးလာစေသည်။ ထို့ကြောင့် သစ်တောများပြုန်းတီးခြင်း၊ ရေ အရင်းအမြစ်များ ညစ်ညမ်းခြင်းနှင့် စိုက်ပျိုးမြေယာများ ပျက်စီးခြင်းတို့ ဖြစ်ပေါ်လာရသည်။

## တွင်းထွက်မိုင်းခွဲမှုလုပ်ငန်းများ တိုးချဲ့မှုကြောင့်ဖြစ်ပေါ်ရသော ထိခိုက်ပျက်စီးမှုများ

အုပ်ချုပ်ရေး နှစ်ဖက်လုံးတွင် တရားဥပဒေ စိုးမိုးမှုများပျက်စီးခြင်းနှင့် အုပ်ချုပ်ရေးတာဝန်ရှိသူများ တာဝန် ကင်းမဲ့ခြင်းကြောင့် မိုင်းတွင်းကုမ္ပဏီများသည် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများအား ဆန်းစစ်ခြင်း လုပ်ငန်းများ မပြုလုပ်တော့ပါ။ ထို့ပြင် သတ္တုမိုင်းတူးဖော်ခြင်း ဥပဒေများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ခြင်း မူဝါဒများကိုလည်း မြေပြင်တွင် လိုက်နာခြင်းမရှိတော့ပါ။ ထို့ကြောင့် မြေနှင့် ရေထု ညစ်ညမ်းခြင်းများ၊ မြေယာချဲ့ထွင်မှုများနှင့် ညံ့ဖျင်းသော မိုင်းတွင်းပိတ်သိမ်းမှုများ တိုးများလာသည်။

အင်တာဗျူး ဖြေဆိုသူများ၏ ပြောပြချက်များအရ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် သဘာ ဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကို ဒေသခံများ ပိုမိုခံစားလာကြရသည်။ ထိုအချက်များတွင် သတ္တုတူး ဖော်ရေးလုပ်ငန်းများ၏ အညစ်အကြေးများ၊ မြေစာပုံများကို အနီးအနားပတ်ဝန်းကျင်ရှိ လယ်ယာမြေများ သို့ စွန့်ပစ်ခြင်းနှင့် ဒေသတွင်း မြစ်ချောင်းများတွင် စွန့်ပစ်ခြင်းတို့ကြောင့် ရေအရင်းအမြစ် လမ်းကြောင်းများ ညစ်ညမ်းမှု ဖြစ်ပေါ်လာပြီး ငါး ရှားပါးလာခြင်းနှင့် သောက်သုံးရေ အရင်းအမြစ်များမှာ သုံးစွဲရန်အတွက် မ သင့်တော် ဖြစ်လာသည်။ ဖြေဆိုချက်များအရ သတ္တုတူးဖော်ရာနေရာများတွင် စိုက်ပျိုးမြေများသည် ချိုင့် ကွက်များဖြင့် ‘လကမ္ဘာ မျက်နှာပြင်’ ကဲ့သို့ ဖြစ်လာပြီး သတ္တုတွင်းသုံး စက်ဆီများကြောင့်လည်း မြေဆီလွှာ အရည်အသွေး ကျဆင်းပျက်စီးလာသည်။ မြစ်ကမ်းနားများ တိုက်စားပျက်ဆီးခြင်းနှင့် အများပိုင်သစ်တောများ ပြုန်းတီးလာပြီး သစ်များနှင့် သားရဲတိရစ္ဆာန်များ လျော့နည်းလာသည်ကို မြင်တွေ့လာရသည်။




ပုံ ၉ - မြိတ်မြို့နယ်ရှိ ကျေးရွာတစ်ရွာမှ သတ္တုတူးဖော်သဖြင့် ဖြစ်ပေါ်လာသော မြေစာပုံများ

## သစ်တောပြုန်းတီးမှုများ တိုးလာခြင်း

တနင်္သာရီသည် အရှေ့တောင်အာရှဒေသအတွင်း အကြီးမားအကျယ်ပြန့်ဆုံးသော မိုးသစ်တောကြီးကို ပိုင်ဆိုင်ထားပြီး မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံး သစ်တောပြုန်းတီးသည့် ဒေသဖြစ်သည်။ ပုံ (၁၁) အရ ၂၀၀၁ ခုနှစ် နှင့် ၂၀၂၁ ခုနှစ် အတွင်းတွင် တနင်္သာရီတိုင်းဒေသကြီးသည် သစ်တော (၄၈၇၀) စတုရန်းကီလိုမီတာ ပျက်စီးဆုံးရှုံးခဲ့ပြီး ဒေသတွင်းမြေဧရိယာ၏ (၁၁ %) ခန့်နှင့် ညီမျှသည်။ ၂၀၁၄ ခုနှစ်၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်များတွင် သစ်တောပြုန်းတီးမှု အများဆုံးဖြစ်ရခြင်းမှာ စိုက်ပျိုးစီးပွားရေးမြေနေရာများ တိုးချဲ့လာခြင်းနှင့် တန်ဖိုးရှိသော သစ်မာများ ထုတ်လုပ်လာခြင်းတို့ကြောင့်ဖြစ်ခဲ့သည်။

စိုက်ပျိုးမြေများ အဆမတန်ချဲ့ထွင်ခြင်းများကို တဖက်မှ ဒေသခံများကတိုင်ကြားသော်လည်း အခြားတဖက်တွင် သစ်ထုတ်လုပ်ရေးနှင့် သတ္တုမိုင်းတွင်း နေရာသစ်များ ပိုမိုများပြားလာနေသည်။ ဒေသခံလူထုများနှင့် လူမှုအဖွဲ့အစည်းများ တင်ပြချက်များအရ နယ်စပ်ဒေသများနှင့် ထိစပ်နေသော ထီးခီး၊ မောတောင်လမ်းနှင့် ပုလော မြို့နယ်တို့သည် သစ်တောများပြုန်းတီးမှု သိသာထင်ရှားသော နေရာများဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခများလည်း ဖြစ်ပွားနေသည်။ ဒေသတွင်းတွင် ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင်နှင့် စစ်ကောင်စီ တို့ နှစ်ဖွဲ့လုံးသည် သစ်ထုတ်လုပ်ခြင်း လုပ်ငန်းများအား တားမြစ်ပိတ်ပင်ခြင်းကိုလုပ်ဆောင်နေပြီး ၎င်းတို့သည်ပင် ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ၊ သတ္တုတူးဖော်သည့် ကုမ္ပဏီများနှင့် ပူးပေါင်းကာ သစ်ထုတ်လုပ်ရေးတွင် ပါဝင်နေသည်ကိုလည်း တွေ့ရှိနိုင်သည်။  ထိုသစ်များသည် မြိတ် သို့မဟုတ် သရက်ချောင်း မြို့နယ်များမှတဆင့် ပင်လယ်ထဲသို့ ဆက်လက်ပို့ဆောင်ကာ မလေးရှားနိုင်ငံသို့ တင်ပို့သည်ဟု ပြောဆို ကြသော်လည်း အတည်ပြုနိုင်ခြင်းမရှိပါ။ ယခင်အချက်အလက်များအရ ထိုသစ်များအား တရုတ်နိုင်ငံ သို့မဟုတ် အိန္ဒိယ နိုင်ငံများသို့ တင်ပို့သည်။[၃၉] သို့သော်လည်း ယခုတွင် စစ်ပွဲပဋိပက္ခများကြောင့် လမ်းမကြီးများ ပိတ်ဆို့ခြင်းများကြောင့် သစ်များကိုတင်ပို့နိုင်ခြင်းမရှိပဲ လမ်းဘေးများတွင်သာ စုပုံထားသည်ကို တွေ့ရတတ်သည်။




ပုံ ၁၀ - Global Forest Watch မှရရှိသော သတင်းအချက်အလက်

၃၉ ALARM. 2018. Behind the oil palm: consequences of international oil palm. Accessed at: https://alarmmyanmar.org/pdf/Behind%20the%20Oilpalm_English.pdf



ပုံ ၁၁ - မြိတ်ခရိုင်အတွင်းရှိ သတ္တုတူးဖော်ရာဒေသတွင် မြင်တွေ့ရသော သစ်ထုတ်လုပ်မှု

## ဒေသခံ သစ်တောအုပ်ချုပ်စီမံမှုများအတွက် တိုးလာသော အခက်အခဲများ

တနင်္သာရီတိုင်းဒေသကြီးအတွင်း မြေဧက (၁၀၄,၀၀၀) ကေကျော်ရှိသော ကျေးရွာပိုင် ဘုံသစ်တော (၄၁) ခု အား ကော်သူးလေ သစ်တောဌာနမှ စတင်ဖွဲ့စည်းပေးခဲ့သည်။ အများပိုင် ဘုံသစ်တောများသည် မြို့နယ်၊ ခရိုင်နှင့် ဗဟိုအဆင့် သစ်တောဌာနများမှ အဆင့်ဆင့် အသိအမှတ်ပြုပေးပြီး ဒေသခံများသည် ကျေးရွာ ပိုင် ဘုံသစ်တော ကော်မတီများဖွဲ့စည်းပြီး သယံဇာတများ ရယူသုံးစွဲခြင်း အုပ်ချုပ်စီမံရေး ဆုံးဖြတ်ချက်များ အား ချမှတ်သည်။ ယေဘုယျအားဖြင့် စိုက်ပျိုးမြေများ ချဲ့ထွင်ခြင်း၊ အမဲလိုက်ခြင်းများနှင့် သစ်ထုတ်လုပ်ခြင်း များအား တားမြစ်ထားသည်။ ဒေသခံလူထုများနှင့် ခရိုင် ကော်သူးလေ သစ်တောဌာနသည် သစ်တောများ ပြုန်းတီးခြင်းနှင့် ကျူးကျော်ခြင်းများမှ ကာကွယ်ရန်အတွက် အများပိုင် ဘုံသစ်တောများအား စီမံခန့်ခွဲခြင်း၊ ပုံ မှန် ကင်းလှည့်ခြင်းနှင့် ကွင်းဆင်းကြီးကြပ်ခြင်းများ လုပ်ဆောင်သည်။

၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း သစ်တောများကို ထိန်းသိမ်းစီမံနိုင်စွမ်း လျော့ကျလာကြောင်း ဒေသခံများက တင်ပြခဲ့သည်။ စစ်တပ်များ၏ တိုက်ခိုက်မှုများနှင့် အကြမ်းဖက်မှုများကို ကြောက်လန့်ကြရ သောကြောင့် ဒေသခံများသည် ပုံမှန်ကွင်းဆင်း ကင်းလှည့်ကြည့်ရှုစစ်ဆေးရမည့်အစား အိမ်မှာသာ နေကြရ သည်။ ထို့ကြောင့် ဒေသခံများသည် ၎င်းတို့၏သစ်တောများကို ထိန်းသိမ်းနိုင်မှု ကင်းမဲ့လာပြီး အများပိုင်ဘုံ သစ်တောများတွင် သယံဇာတများ ထုတ်ယူသုံးစွဲခြင်းနှင့် သစ်ထုတ်ခြင်းအချို့ ပိုမိုလုပ်ဆောင်လာသည်။

## အရပ်ဘက်အဖွဲ့အစည်းများအတွက် အခွင့်အရေးနေရာများ နည်းပါးလာခြင်းနှင့် သဘာဝ ပတ်ဝန်းကျင်နှင့် မြေယာကာကွယ်သူများအတွက် တိုးလာသော အန္တရာယ်များ

စစ်အာဏာမသိမ်းမီတွင် ဒေသခံပြည်သူများသည် လူမှုအဖွဲ့အစည်းများ၏ အကူအညီဖြင့် တနင်္သာရီတိုင်း ဒေသကြီး အတွင်းရှိ ၎င်းတို့၏ မြေယာများတွင် များပြားလာသော သယံဇာတထုတ်ယူသုံးစွဲသည့် စီမံကိန်း များမှ ကာကွယ်ရန်အတွက် ကောင်းမွန်ခိုင်မာသော အလေ့အကျင့်များနှင့် စနစ်များ တည်ဆောက်နိုင်ခဲ့သည်။ ဒေသခံများနှင့် လူမှုအဖွဲ့အစည်းများသည် ဒေသအတွင်း ဆီအုန်းစိုက်ခင်းများအား ကန့်ကွက်သည့်လှုပ်ရှားမှု များ၊ သတ္တုမိုင်းတွင်းလုပ်ငန်းများ၊ ထိန်းသိမ်းရေး ဇရိယာနှင့် ဆည်တာတမံ စီမံကိန်းများနှင့် ၎င်းတို့ကိုယ်တိုင်

ဖော်ဆောင်ထားသည့် ဒေသအခြေပြု ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြသည်။

သို့သော်လည်း စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဒေသအခြေပြု အဖွဲ့အစည်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသူများနှင့် လူမှုအဖွဲ့အစည်းများသည် ဆိုးရွားမှုနှင့် အကြမ်းဖက်မှု အခြေအနေများကြောင့် လုပ်ငန်းစဉ်များ အလွန်အမင်း ကန့်သတ်ခြင်းခံရသည်။ ဒေသခံအများအပြားသည် ယခင် ဆယ်စုနှစ်များစွာက ပြည်တွင်းစစ်ကြောင့် ဖြစ်တည်ခဲ့သည့် စိတ်ဒဏ်ရာများကြောင့် ၎င်းတို့ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်လာသော ကိစ္စရပ်များကို ပူးပေါင်းပါဝင်လုပ်ဆောင်ရန် စိုးရိမ်ကြောက်လန့်မှုများ ခံစားရသည်။ အခြားဒေသအခြေပြု အဖွဲ့ဝင်တစ်ဦး၏ ဖော်ပြချက်အရ ၎င်းတို့သည် ထိုလုပ်ငန်းစဉ်များကို လုပ်ကိုင်သောကြောင့် အာဏာပိုင်များ၏ ခြိမ်းခြောက်ခြင်းကိုခံရသည်။ အခြားတစ်ယောက်မှာမူ သတ္တုတူးဖော်မှုအား မကျေနပ်ကြောင်း ဆက်လက်ပြောဆိုနေပါက သေနတ်ဖြင့် အပစ်ခံရမည်ဟု ခြိမ်းခြောက်ခံခဲ့ရပါသည်။

စစ်ကောင်စီ နှင့် ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင် နှစ်ဖွဲ့လုံးသည် တနင်္သာရီတိုင်းဒေသကြီး အတွင်း သဘာဝပတ်ဝန်းကျင်နှင့် ဒေသတွင်း ဖွံ့ဖြိုးတိုက်တက်ရေးအတွက် လုပ်ဆောင်သော ဒေသအခြေပြု အဖွဲ့အစည်းများနှင့် အရပ်ဖက်အဖွဲ့အစည်းများအတွက် ခက်ခဲကြမ်းတမ်းသော အခြေအနေများကို ဖြစ်လာစေသည်။ ၂၀၂၁ ခုနှစ် ဇွန်လိုင်လ၊ စစ်အာဏာသိမ်းပြီး (၆) လ အကြာတွင် စစ်ကောင်စီသည် တနင်္သာရီတိုင်း ဒေသကြီးအတွင်း နိုင်ငံတကာအစိုးရမဟုတ်သည့် အဖွဲ့အစည်းများအား ရုံးများနှင့် လုပ်ငန်းများအား ရပ်ဆိုင်းထားရန် အကြောင်းကြားခဲ့သည်။[၄၀] ဒေသခံ လူမှုအဖွဲ့အစည်းများအတွက်လည်း အလွန်ပင် ခက်ခဲသော အခြေအနေများ၊ အခင်းအကျင်းများဖြင့် ရင်ဆိုင်ရပြီး စစ်ကောင်စီမှ ရုံးခန်းများအား ဝင်ရောက်စီးနင်းခြင်းတို့ကြောင့် အဖွဲ့အစည်း၏ အဖွဲ့ဝင်များ အဖမ်းဆီးခံရခြင်း၊ အချို့မှာ မြေအောက်တော်လှန်ရေးသို့ ဝင်ရောက်ခြင်းနှင့် လုံခြုံသောနေရာများတွင် ခိုလှုံပြီး လုပ်ငန်းများကို ဆက်လုပ်ကိုင်ကြသည်။ ထို့အတူ အချို့သော အရပ်ဖက်အဖွဲ့အစည်းများ၏ တင်ပြချက်များအရ ၎င်းတို့သည် ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင်၏ ပိတ်ပင်တားမြစ်မှုများကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးအစီအစဉ် ဆွေးနွေးတိုင်ပင်မှုများအား ပြုလုပ်နိုင်ခြင်းမရှိတော့ပါ။ ရွာတစ်ရွာတွင် စစ်ကောင်စီတာဝန်ရှိသူများက ဒေသခံအဖွဲ့အစည်းများ၏ လုပ်ငန်းများအားရပ်တန့်ရန် အမိန့်ပေးထုတ်ပြန်ခဲ့ပြီး ဤနေရာတွင် မည်သည့် ဒေသအခြေပြုအဖွဲ့အစည်းများနှင့် အရပ်ဖက်အဖွဲ့အစည်းများမှ လုပ်ငန်းလုပ်ဆောင်ရန် နေရာများမဟုတ်ကြောင်းနှင့် အစီအစဉ်များ ဆက်လက်လုပ်ဆောင်သူများကို ဖမ်းဆီးထိန်းသိမ်းမည်ဖြစ်ကြောင်း ထုတ်ပြန်ပြောဆိုခဲ့သည်။

များပြားလာသော ဆိုးရွားမှုနှင့် အကြမ်းဖက်မှုအခြေအနေများကြောင့်  ဒေသအခြေပြု အဖွဲ့အစည်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသူများနှင့် အရပ်ဖက်အဖွဲ့အစည်းများ၏ မြေယာနှင့် သယံဇာတ များအပေါ် ထိန်းသိမ်းစောင့်ရှောက်နိုင်မှုများ ပိုမို နည်းပါးလာခြင်း၊ စည်းကမ်းမဲ့၊ ဥပဒေမဲ့၊ အဆင်အခြင်မဲ့ သတ္တုထုတ်လုပ်ခြင်း စသည်တို့ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ ပိုမိုကြုံတွေ့လာရသည်။ ကျေးရွာနှစ်ရွာမှ ဒေသခံများ ဖြေကြားချက်များအရ ဒေသခံများသည် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းစဉ်များအား ရပ်ဆိုင်းထားရပြီး ဘိုဘွားပိုင်မြေယာနှင့် သစ်တောများ ထိန်းသိမ်းစီမံခြင်းလုပ်ငန်းများ ဖရိုဖရဲ ဖြစ်လာသည်။ ဒေသခံများသည် သစ်တောများအတွင်းသို့ ဝင်ရောက်ရန် (သို့မဟုတ်) ကုမ္ပဏီများနှင့် ရင်ဆိုင်တွေ့ဆုံရန် (သို့မဟုတ်) အာဏာပိုင်များ ၎င်းတို့ မြေပေါ်တွင် သယံဇာတများ ထုတ်ယူသုံးစွဲနေသည်နှင့် တွေ့ကြုံရသောအခြေအနေမျိုးအတွက် ရင်ဆိုင်ရန် ကြောက်လန့်နေကြသည်။ ထို့အပြင် သားရဲတိရိစ္ဆာန်များအား ဥပဒေမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်းနှင့် သစ်ထုတ်လုပ်ခြင်းများအား တုန့်ပြန်ရန်အတွက် အလွန်ခက်ခဲသော အနေအထားတွင် ရှိနေသေးကြောင်း ဒေသခံများက တင်ပြကြသည်။

၄၀ UNHCR. 2021. Weekly Briefing Note Southeastern Myanmar. https://data2.unhcr.org/en/documents/download/87451

# အပိုင်း (၄)
## နိဂုံး

၂၀၂၁ စစ်တပ်အာဏာသိမ်းခြင်းသည် တနင်္သာရီတိုင်းဒေသကြီးတွင်းသာမက မြန်မာတစ်နိုင်ငံလုံးကို သဘာဝသယံဇာတ စီမံအုပ်ချုပ်မှုများကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေသည်။ လက်နက်ကိုင်ပဋိပက္ခများ တိုးများလာခြင်းနှင့် နိုင်ငံ၏ အုပ်ချုပ်ရေးယန္တရား ပျက်စီးလာခြင်းတို့ကြောင့် ဥပဒေပြုအုပ်ချုပ်ရေးများ တည်ငြိမ်မှု ကင်းမဲ့လာပြီး လက်နက်ကိုင်များ၏ အခွန်ဘဏ္ဍာများအတွက် သယံဇာတာများ ထုတ်လုပ်မှုများလာသည်။ ထို့အပြင် ကမ္ဘာ့သတ္တုဈေးကွက် လိုအပ်ချက်များလာခြင်း၊ ပြည်တွင်းငွေများ မတည်ငြိမ်ခြင်းနှင့် ဆင်းရဲမွဲတေမှုများ တိုးများလာခြင်းတို့သည် သယံဇာတများအပေါ် အရေးပေါ်ထုတ်ယူသုံးစွဲမှု ဖြစ်လာစေပြီး အသေးစားနှင့် အလတ်စား သတ္တုမိုင်းတွင်းလုပ်ငန်းများ နိုင်ငံအဝှမ်း များပြားလာသည်။ ထို့အတူ ပြည်တွင်း မတည်ငြိမ်မှုများ ကြောင့် အကြီးစားရင်းနှီးမြှုပ်နှံမှုများနှင့် ရေရှည်စီမံကိန်းကြီးများလည်း ထွက်ခွာသွားသည်။ ထိုကြောင့် ပဋိပက္ခနှင့်ဆက်နွယ်သည့် စီးပွားရေးများ ဖြစ်ပေါ်လာပြီး ရေရှည်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ထွက်ခွာပြီး လက်နက်ကိုင်အဖွဲ့အစည်းများ ချိတ်ဆက်ပါဝင်နေသော အသေးစား “ဦးသူ ရယူသုံးစွဲခြင်း” လုပ်ငန်းများ တိုးလာသည်။ ယခု တနင်္သာရီတိုင်းဒေသကြီးကို လေ့လာသည့် တင်ပြချက်စာတမ်းတွေ့ရှိချက်များအရ၊ အသေးစား ရွှေတူးဖော်မှုများသည် ကချင်ပြည်နယ်တွင် တိုးပွားလာသကဲ့သို့ စစ်ကိုင်း နှင့် မကွေးတိုင်းဒေသကြီးများတွင် လည်းတွေ့ရှိရသည်။ လက်နက်ကိုင်အဖွဲ့များ၊ ကုမ္ပဏီများနှင့် ဆာလောင်နေပြီဖြစ်သော ပြည်သူလူထုစသည်တို့အားလုံးသည် စည်းစနစ်မရှိသော သတ္တုမိုင်းတူးဖော်မှုများသို့ အရှိန်အဟုန်ဖြင့် ရောက်ရှိလာကြသည်။[၆၁] သယံဇာတအခြေပြုစီးပွားရေး ပဋိပက္ခကြီးထွားလာသကဲ့သို့ စစ်ရေးလှုပ်ရှားမှုများလည်း တိုးလာသည်။ လက်နက်ကိုင်အဖွဲ့များမှာလည်း ဘဏ္ဍာငွေ လျင်မြန်စွာရရှိရေးအတွက် ဖန်တီးနိုင်ရန် သယံဇာတများရှိရာနေရာများကို ရှာဖွေလာကြသည်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးများတွင်လည်း စစ်ဘက်အဖွဲ့အစည်းများ၏ သယံဇာတ ထုတ်ယူသုံးစွဲဖျက်စီးခြင်းကို တနင်္သာရီတိုင်းဒေသကြီးရှိ ကရင်အမျိုးသားအစည်းအရုံး - မြိတ်ထားဝယ်ခရိုင် နှင့် စစ်ကောင်စီ အဖွဲ့များဖြစ်သည့်နည်းတူ တွေ့ကြုံနေကြရသည်ကို တွေ့ရပါသည်။ သယံဇာတများအား ထုတ်ယူသုံးစွဲဖျက်စီးသည် ဆန့်ကျင်ဘက် လက်နက်ကိုင်အဖွဲ့အစည်းများအကြားတွင် ပူပေါင်းလုပ်ဆောင်နိုင်သော စကြံ်န် (ပလက်ဖောင်း) တစ်ခုအဖြစ် ဖန်တီးပေးနေသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။ မြေယာနှင့် သစ်တောများအား ကာကွယ်ထိန်းသိမ်းရန် ကြိုးပမ်းနေစဉ်အတွင်း သယံဇာတ စီမံအုပ်ချုပ်မှုအား စစ်မက်ခင်းခြင်းဖြင့် သိမ်းပိုက်မှုများလာခြင်းသည် မြေယာနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်သူများအား ခြိမ်းခြောက်ခံရခြင်း၊ ဖမ်းဆီးထိန်းသိမ်းခံရခြင်းနှင့် လက်နက်ကိုင်များ၏ အကြမ်းဖက်ခံရခြင်း စသည့် အန္တရာယ်ရှိသောအခြေအနေများကို ဖြစ်ပေါ်စေသည်။[၆၂]

သယံဇာတရင်းမြစ်များဆိုင်ရာ ပိုမိုကြီးမားသော သဘာဝပတ်ဝန်းကျင် နောက်ဆက်တွဲဆိုးကျိုးများသည် မတည်ငြိမ်မှုများ ကြီးထွားလာခြင်း၊ အုပ်ချုပ်မှုအလွဲများနှင့် ပဋိပက္ခများကြောင့် ပိုမိုဆိုးရွားလာသည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်း သတ္တုမိုင်းတွင်းများကြောင့် မြစ်ချောင်းများ ညစ်ညမ်းလာခြင်း၊ ရေတိုက်စားမှု များလာခြင်း၊ စိုက်ပျိုးမြေများ ပျက်စီးလာခြင်းနှင့် ပတ်ဝန်းကျင်တွင် သစ်တောများပြုန်းတီးခြင်း ကဲ့သို့သော အခြေအနေများကို စာတမ်းပြုစု ဖော်ပြထားခြင်းများအရ မြန်မာတစ်နိုင်ငံလုံးတွင်ဖြစ်ပွားနေကြောင်း တွေ့ရှိရသည်။ ဥပမာအားဖြင့် ကချင်ပြည်နယ်တွင် ရွှေတူးဖော်မှုကြောင့် မြစ်ဝှမ်းများ ရေတိုက်စားပျက်စီးလာခြင်း၊ မာကျူရီ သတ္တုများဖြင့် ညစ်ညမ်းလာခြင်း၊ ရေအရင်းအမြစ်များ ခမ်းခြောက်လာခြင်းနှင့် သစ်တောပြုန်းတီးမှုများ များပြားလာခြင်း စသည့်ကိစ္စရပ်များကြောင့် စစ်ဘေးရှောင်ရွာများနှင့် ရွှေ့ပြောင်းဒေသခံများ ဖြစ်ပေါ်လာသည်။[၆၃] ထိုကဲ့သို့ တူညီသောဖြစ်ရပ်များကို စစ်ကိုင်း၊ ပဲခူး နှင့် မကွေး တိုင်းဒေသကြီးများနှင့် ရှမ်း ပြည်နယ်တို့တွင် တွေ့ရှိရကြောင်း ပြုစုထားသောစာတမ်းများအရ သိရှိရသည်။

---

၆၁ Frontier. 2022. ‘Quick profits’: Activists fear for environment under military rule. Accessed at: https://www.frontiermyanmar.net/en/quick-profits-activists-fear-for-environment-under-military-rule/

၆၂ Wah, E., 2022. Loosing the freedom to protect: shattered dreams of environmental defenders. Accessed at: https://www.frontiermyanmar.net/en/losing-the-freedom-to-protect-the-shattered-dreams-of-environment-defenders/

၆၃ Fishbein, E., Hkawng, J.T., Lusan, N., Naw., J. 2022. In the wake of the coup, gold mining boom is ravaging Myanmar: e360Yale. Accessed at: https://e360.yale.edu/features/as-conflict-persists-gold-mining-boom-is-ravaging-myanmar

# အပိုင်း (၅)
## အကြံပြုချက်များ

## ကရင်အမျိုးသား အစည်းအရုံး (ဗဟို)

၁။ မတည်ငြိမ်မှုနှင့် ရေရာမှုမရှိသောကာလအတွင်း အထူးသဖြင့် နှစ်ဖက်အုပ်ချုပ်မှု အာဏာ သက်ရောက်သောနယ်မြေများတွင် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးနှင့် တာဝန်ယူမှုရှိသော သယံဇာတ စီမံခန့်ခွဲမှုကို လုပ်ဆောင်ပါက ကြားကာလ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခိုင်မာယုံကြည်ရသော ကွင်းဆင်းကြီးကြပ်ခြင်း ယန္တရားများကို ဖော်ဆောင်ရန်လိုအပ်မည်။ ခရိုင်နှင့် မြို့နယ်အဆင့်များတွင် ယုံကြည်စိတ်ချရသော၊ ကွင်းဆင်းကြီးကြပ်ရန် မဖြစ်နိုင်သော အခြေအနေများ ဖြစ်နေပါက ဒေသခံအဖွဲ့အစည်းများနှင့် အရပ်ဖက်အဖွဲ့အစည်းများနှင့် နီးကပ်စွာလုပ်ဆောင်ပြီး စည်းမျဉ်းများ ချိုးဖောက်မှုများအတွက် တာဝန်ရှိသောဝန်ထမ်းများ တာဝန်ခံလုပ်ဆောင်နိုင်စေရန် ပြုလုပ်ပေးရမည်။

၂။ ဗဟိုအဆင့်တွင် အပြောင်းပွားမှုတိုင်ကြားရေးယန္တရားအား ခိုင်မာစွာတည်ဆောက်ပြီး တိုင်ကြားစာများအား လက်တွေ့ကျကျ လက်ခံစောင့်ကြည့်ရန်နှင့် ခရိုင်နှင့် မြို့နယ်အဆင့် ရုံးဝန်ထမ်းများအား ကရင်အမျိုးသားအစည်းအရုံးမှ ချမှတ်ထားသော မူဝါဒများနှင့် လုပ်ထုံးတမ်းများအား မလိုက်နာပါက (သို့မဟုတ်) ဒေသခံလူထုအကျိုးအတွက် မလုပ်ဆောင်ပါက တာဝန်ခံမှုရှိရမည့် အလေ့အကျင့်ကောင်းများ တည်ဆောက်ပေးရန်လည်းလိုအပ်သည်။

၃။ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်အမျိုးသားအစည်းအရုံး ခရိုင်များအတွင်း ဒေသခံလူထု အများအပြားသည် ကရင်အမျိုးသားအစည်းအရုံး၏ မူဝါဒများနှင့် အုပ်ချုပ်ရေးယန္တရားများကို သေချာစွာ သိရှိနားလည်ခြင်း မရှိပါ။ ခရိုင်များအတွင်းရှိ လူထုများအားလုံးအတွက် အသိပညာပေးဟောပြောလှုံ့ဆော်မှုများ လုပ်ဆောင်ရန်နှင့် ထိုသို့လုပ်ဆောင်ရာတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အတူတကွလုပ်ဆောင်ပါက ပိုမိုထိရောက်နိုင်မည်။

၄။ သယံဇာတတူးဖော်လုပ်ကိုင်ခွင့် လိုင်စင်ချပေးခြင်းနှင့် ပတ်သက်ပြီး ဌာနများနှင့် ကော်မတီများအကြား ခိုင်မာသောလုပ်ငန်းစဉ်များ ဖော်ဆောင်ပေးရန်နှင့် ခိုင်မာသော လွတ်လပ်ပြီး ကြိုတင်အသိပေးလုပ်ဆောင်သည့် လုပ်ငန်းစဉ်များအတိုင်း ဒေသခံအားလုံးအား အသိပေးပြီး ငြင်းဆိုပိုင်ခွင့်ကို ပေးနိုင်ရန် လိုအပ်သည်။ သယံဇာတ ထုတ်ယူသုံးစွဲမည့် လုပ်ငန်းစဉ်များအား ပြည်သူလူထုများနှင့် လူမှုအဖွဲ့အစည်းများမှ အကျိုးအမြတ်ခံစားရမည့် စီမံကိန်းများဖြစ်သည်၊ မဖြစ်သည်ကိုလည်းကောင်း၊ လွတ်လပ်ပြီး ကြိုတင်အသိပေးလက်ခံခြင်း လုပ်ရိုးလုပ်စဉ်များ ရှိကြောင်း၊ မရှိကြောင်းနှင့် မှန်ကန်မှုရှိကြောင်း၊ မရှိကြောင်း စသည်တို့ကို ဆက်လက်လေ့လာနိုင်ရန် အသိပေး ချပြခြင်းများ လုပ်ဆောင်ရန်လိုအပ်သည်။

၅။ ကရင်အမျိုးသားအစည်းအရုံး မှ ရေတိုအကျိုးအမြတ်အတွက် သယံဇာတများ ထုတ်ယူသုံးစွဲခြင်းအား သေချာစွာစိစစ်ပြီး ရေရှည်အမြင်ဖြင့် ကရင်ပြည်သူတို့၏ အချုပ်အခြာအာဏာ၊ ငြိမ်းချမ်းရေး၊ တရားမျှတရေးနှင့် သာတူညီမျှရှိရေးတို့ကို ဦးထိပ်ထားဆောင်ရွက်ရန်လိုအပ်သည်။ ဤအခြေအနေတွင် ဘဏ္ဍာငွေရှာဖွေ ရန်လိုအပ်သော်လည်း ရေရှည်တည်တံ့ခြင်း၊ တာဝန်ယူမှုရှိခြင်း၊ ဒေသခံလူထုများ၏ ခွင့်ပြုချက်ကိုရယူခြင်း စသည့် အလေ့အကျင့်ကောင်းများဖြင့် လုပ်ဆောင်နိုင်ရန် တိုက်တွန်းသည်။ ကရင်အမျိုးသားအစည်းအရုံး ၏ သာတူညီမျှ ရှိရေး၊ ငြိမ်းချမ်းရေးနှင့် ဌာနေတိုင်းရင်းသားတို့၏ နယ်မြေများနှင့် ဇီဝမျိုးကွဲများအပေါ် လေးစားခြင်း စသည့်စံတန်ဖိုးများမှာ စစ်ကောင်စီ နှင့် ခြားနားနေကြောင်း ပြသရမည်ဖြစ်သည်။

၆။ သံလွင်ငြိမ်းချမ်းရေး ဥယျာဉ်ကဲ့သို့ ဒေသခံများနှင့် ကရင်အမျိုးသားအစည်းအရုံး တို့အကြား ခိုင်မာသော ဆက်ဆံရေးများအား ပိုကောင်းမွန်လာစေသကဲ့သို့ ရေရှည်တည်တံ့သော သယံဇာတ စီမံခန့်ခွဲမှုနှင့် နိုင်ငံတကာ အသိအမှတ်ပြုခြင်းနှင့် ကရင်အမျိုးသားအစည်းအရုံး မြေယာနှင့် သယံဇာတ

စီမံခန့်ခွဲခြင်းများအား ပိုမိုလုပ်ဆောင်နိုင်ရန်လိုအပ်သည်။ ခရိုင်များအားလုံးရှိ ဌာနေတိုင်းရင်းသား၏ ဆန်းသစ်တီထွင်မှုများ၊ ပူးပေါင်းလုပ်ဆောင်၊ အတူတကွ စီမံခန့်ခွဲစသည့် ချဉ်းကပ်နည်းများအားဖြင့် ရေရှည်တည်တံ့သော သယံဇာတစီမံအုပ်ချုပ်မှုကို ကူညီထောက်ပံ့ပေးရန်လည်း လိုအပ်သည်။

## အမျိုးသားညီညွတ်ရေး အစိုးရနှင့် စင်ပြိုင်အုပ်ချုပ်ရေးများ

၁။ အလှူရှင်နှင့် နိုင်ငံတကာအသိုင်းအဝိုင်းအား သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာကိစ္စရပ်များမှာ အရေးတကြီးလိုအပ်နေကြောင်း တိုက်တွန်းပြောကြားပေးခြင်းအားဖြင့် ထိန်းချုပ်မှုကင်းမဲ့ပြီး မြန်ဆန်စွာပြောင်းလဲနေသော သယံဇာတအရင်းအမြစ်နှင့် သဘာဝ ပတ်ဝန်းကျင် အရေးကိစ္စများတွင် ဦးဆောင်မှုပေးစေလိုသည်။ ထို့အတူ ဒီမိုကရေစီလှုပ်ရှားမှုများကို ထောက်ခံအားပေးသည့် နိုင်ငံများရှိ ကုန်သည်ကြီးများအသင်းချုပ်နှင့် ဆက်သွယ်ခြင်းအားဖြင့် ပဋိပက္ခဖြစ်ပွားရာဒေသများမှ ရေရှည်တည်တံ့မှုကို ဂရုမစိုက်ဘဲ တူးဖော်တင်ပို့လာသည့် ကုန်ကြမ်းပစ္စည်းများကို ဟန့်တားနိုင်ရန်လည်း လုပ်ဆောင်စေလိုသည်။

၂။ သဘာဝသယံဇာတ အရင်းအမြစ်များ စီမံခန့်ခွဲမှုဆိုင်ရာ ရည်မှန်းချက်ထားရှိခြင်းအားဖြင့် သဘာဝသယံဇာတများသည် ဝင်ငွေအရင်းအမြစ်များဟုသာ မြင်ရုံသာမကဘဲ လူထုအများအတွက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ၊ ရာသီဥတုပြောင်းလဲခြင်းအတွက် အကာအကွယ်ဖြစ်ခြင်းနှင့် နိုင်ငံ၏ သဘာဝတန်ဖိုးရှိ အမွေအနှစ်အရင်းအမြစ်များဖြစ်ကြောင်းကို အသိအမှတ်ပြုစေလိုသည်။

၃။ မူဝါဒများ၊ ဥပဒေများနှင့် လုပ်ထုံးတမ်းများသည် ချမှတ်ထားသောရည်မှန်းချက်ကို အထောက်အပံ့ဖြစ်စေသကဲ့သို့ လက်လှမ်းမီလွှမ်းခြုံနိုင်ရန်အလို့ငှာ အကြံပေးအဖွဲ့များနှင့် တတ်သိပညာရှင်များနှင့် သာလျှင် ဆွေးနွေးခြင်းမဟုတ်ဘဲ လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ၊ ပြည်သူလူထုများနှင့် တိုင်ပင်ဆွေးနွေးမှုများကို အသေအချာ ပြုလုပ်စေလိုသည်။ ဒေသတွင်းတွင် ထိန်းချုပ်မှုများကိုဆန့်ကျင်သည့် အဖွဲ့အစည်းများရှိနေသော်လည်း ပိုမို ရေရှည်တည်တံ့သော စီမံခန့်ခွဲမှုအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်နိုင်ရန် ယုံကြည်ချက်ထားရှိစေလိုသည်။

## အလှူရှင်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများ

၁။ လွန်ခဲ့သော ဆယ်စုနှစ်တွင် သဘာဝရင်းမြစ် စီမံအုပ်ချုပ်ရေးနှင့်ပတ်သက်ပြီး အလှူရှင်များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများသည် သယံဇာတနှင့် စွမ်းအင်အပေါ် အာရုံစိုက်ခဲ့သော်လည်း စစ်အာဏာသိမ်းပြီးနောက် ထိုကဏ္ဍများအားလုံး ရပ်တန့်သွားခဲ့သည်။ ပြည်သူတို့သည် မြေယာနှင့် သယံဇာတကဏ္ဍတွင် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုကြီးမားစွာ ကြုံနေရသည့်အတွက် အလှူရှင်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများက အထက်ပါ အကြောင်းအရာများကို ပြန်လည် အာရုံစိုက်ပေးပါရန်လည်း အကြံပြုသည်။

၂။ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် ဒေသအာဏာပိုင်များ၏ မူဝါဒရေးဆွဲခြင်း၊ ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်ခြင်း၊ မြေယာနှင့် သဘာဝသယံဇာတ ထိန်းသိမ်းကာကွယ်ခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ နည်းစနစ်နှင့် မူဝါဒများ အားကောင်းခိုင်မာစေရေး စသည်တို့ကို အထောက်အပံ့ပေးစေလိုသည်။ ထို့အပြင် အလှူရှင်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ လူထုပူးပေါင်းပါဝင်သည့် ဒေသအခြေပြု သယံဇာတစီမံခန့်ခွဲရေး လုပ်ငန်းစဉ်များကို ထောက်ပံ့ကူညီပေးနိုင်ပါရန်လည်း ထောက်ခံအကြံပြုလိုသည်။

၃။ စားသုံးသူနှင့် ထုတ်ကုန်ကွင်းဆက်အတွက် ပဋိပက္ခဖြစ်ပွားရာဒေသမှ ရေရှည်တည်တံ့မှုကို ဂရုမစိုက်ပဲ တင်ပို့လာသည့် ထုတ်ကုန်များကို တားဆီးနိုင်ရန် မြန်မာ့ခေါင်းဆောင်များ၊ အရပ်ဖက်အဖွဲ့အစည်း

များနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု များပါဝင်သော ဆက်သွယ်ရေးလမ်းကြောင်းများကို ပံ့ပိုးကူညီပေးစေလိုသည်။

၄။ ဒေသအတွင်းတွင် ပြည်သူလူထုနှင့် အားကောင်းသောဆက်ဆံရေး တည်ဆောက်ထားနိုင်သည့် အခြေပြုအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများကို ပိုမို ထောက်ပံ့ပေးစေလိုသည်။ ထိုအဖွဲ့အစည်းများသည် ဒေသ၏အသိအမှတ်ပြုမှုဖြင့် တရားဝင်မှုရှိသော အဖွဲ့အစည်းများဖြစ်သည့်အပြင် မြေပြင်အခြေအနေကို အနီးကပ်ကြီးကြပ်နိုင်ခြင်းနှင့် အခြေအနေတိုးတက်ကောင်းမွန်နိုင်စေခြင်း ဆောင်ရွက်ရေးအတွက် သတင်းအရင်းမြစ်ဖြစ်နေခြင်း စသည်တို့ကြောင့်ဖြစ်သည်။ ၎င်းတို့သည် အင်အားအရ ချည့်နဲ့သော်လည်း ပြစ်ဒဏ်ကင်းလွတ်ခွင့်ရသည့်အုပ်စုများကိုပင် ယှဉ်နိုင်သည့်လက်ကျန်ခံတပ်ကြီးလည်း ဖြစ်သေးသည်။ ထို့အပြင် ဒေသအတွင်းတွင် တည်ငြိမ်မှုမရှိဘဲ အလွန်ပင်အပြောင်းအလဲများသည့် အခြေအနေများတွင်ပင် မြေပြင်အခြေအနေမှန်ကို ထောက်လှမ်းနိုင်သည့်သူများလည်း ဖြစ်နေသေးသည်။

၅။ ပိုမိုပြီး အန္တရာယ်များလာသော မြန်မာနိုင်ငံအတွင်းရှိ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်သူများအား ကူညီထောက်ပံ့ပေးစေလိုသည်။ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာကိစ္စ၊ အရေးပေါ်ကယ်ဆယ်ရေး လိုအပ်သောနေရာများ၊ လုံခြုံရေး ကုန်ကျစရိတ်များနှင့်အတူ နည်းပညာပိုင်းနှင့်ပတ်သက်သော မြေပုံရေးဆွဲခြင်းများ၊ ကွင်းဆင်းကြီးကြပ်ခြင်းနှင့် လူထုလှုပ်ရှားမှုများအား ထောက်ပံ့ပေးရန်လည်း လိုအပ်ပါသည်။

## လူမှုအဖွဲ့အစည်းများ

၁။ စစ်အာဏာသိမ်းပြီးနောက် မြေယာနှင့် သဘာဝသယံဇာတ ထုတ်ယူသုံးစွဲခြင်းများအား မြေပြင်အချက်အလက်များရရှိရန် မလုံခြုံသဖြင့် အဝေးမှပြုဂြိုဟ်တုဆန်းစစ်ခြင်း နည်းလမ်းများ အသုံးပြုကာ စနစ်တကျကြီးကြပ်နိုင်ရန် အကြံပြုသည်။ အထူးသဖြင့် စားသုံးသူ၊ ထုတ်ကုန်ကွင်းဆက်များနှင့် သက်ဆိုင်သောကိစ္စရပ်များတွင် ပညာပေးမှုများ၊ ပြောင်းလဲရေးလုပ်ဆောင်မှုများအတွက် ကရင်အမျိုးသားအစည်းအရုံး၊ အမျိုးသားညီညွတ်ရေးအစိုးရ၊ အလှူရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် မဟာမိတ်ဖွဲ့ကာ ပူးပေါင်းလုပ်ဆောင်ရန်လည်း လိုအပ်သည်။

၂။ ဒေသခံများနှင့် ဒေသတွင်း အုပ်ချုပ်ရေးပုံစံများအားဖြင့် ကြားကာလ စီမံအုပ်ချုပ်ရေး ယန္တရားများကို ဖော်ဆောင်ရန်နှင့် အားကောင်းလာစေရန် လုပ်ဆောင်ကြရမည်။ နိုင်ငံနှင့် အဝှမ်းဖြစ်ပေါ်နေသော ယခုကဲ့သို့ ဥပမာများစွာ ရှိနေပြီးဖြစ်သည်။

၃။ ဌာနေတိုင်းရင်းသားများ၊ သစ်တောအားမှီခိုသည့် ဒေသခံများနှင့် ဒေသအခြေပြု အဖွဲ့အစည်းများမှ မြေယာနှင့် နယ်မြေများအား ကာကွယ်ခြင်း၊ ဖော်ထုတ်မှတ်တမ်းတင်ခြင်း လုပ်ငန်းများကို ဓလေ့ထုံးတမ်း အလေ့အထများနှင့် စည်းမျဉ်းများအား ကျင့်သုံးခြင်းဖြင့် ရေရှည်တည်တံ့ရေး အကောင်အထည်ဖော်ဆောင်မှုများကို ထောက်ပံ့ပေးရန်လိုအပ်သည်။

# နောက်ဆက်တွဲ (၁) ကျမ်းကိုးစာရင်း


- ALARM. 2018. Behind the oil palm: concequences of international oil palm. Accessed at: https://alarmmyanmar.org/pdf/Behind%20the%20Oilpalm_English.pdf
- ALARM, et.al. Green Desert: Communities in Tanintharyi Region Renounce the MSPP Oil Palm Concession. At: https://eia-international.org/wp-content/uploads/Green-Desert-FINAL.pdf
- Aung, S.S., Shwe, N.M., Frechette, J., Grindley, M. and Connette, G., 2017. Surveys in southern Myanmar indicate global importance for tigers and biodiversity. Oryx, 51(1), p.13.
- Bryant, R.L., 1997. The Political Ecology of Forestry in Burma, 1824-1994: 1824-1994. University of Hawaii Press
- Bryant, R.L., 1994. From laissez-faire to scientific forestry: Forest management in early colonial Burma, 1826–85. Forest and Conservation history, 38(4), pp.160-170
- Candlelight, Southern Youth, Tarkapaw. 2019. Blocking a bloodline: Indigneous communities in Tanintharyi Region resist large-scale hydropower plants. Dawei: Myanmar
- Conservation Alliance Tanawthari. 2018. Our forest our life: protected areas in Tanintharyi must respect the human rights of indingeous peoples.
- Conservation Alliance Tanawthari. 2020. Landscape of Life: a bottom-up alternative to large scale conservation in Tanintharyi Region.
- Earth Rights Internaitonal. 1996. Total Denial: A report on the Yadana gas pipeline project in Burma. Accessed at: https://earthrights.org/publication/total-denial/
- Environmental Investigation Agency. 2021. The Italian Job: how Myanmar timber is trafficked through Italy to the rest of Europe despite EU laws. Accessed at: https://eia-international.org/report/the-italian-job-how-myanmar-timber-is-trafficked-through-italy-to-the-rest-of-europe-despite-eu-laws/
- Frontier. 2022. 'Quick profits': Activists fear for environment under military rule. Accessed at: https://www.frontiermyanmar.net/en/quick-profits-activists-fear-for-environment-under-military-rule/
- Fishbein, E., Hkawng, J.T., Lusan, N., Naw., J. 2022. In the wake of the coup, gold mining boom is ravaging Myanmar: e360Yale. Accessed at: https://e360.yale.edu/features/as-conflict-persists-gold-mining-boom-is-ravaging-myanmar
- Forest Trends. 2022. Myanmar's Timber Trade One Year Since the Coup. Accessed at: https://www.forest-trends.org/wp-content/uploads/2022/03/Forest-Trends_Myanmars-Timber-Trade-One-Year-Since-the-Coup.pdf
- Global Witness. 2022. Myanmar's poisoned hills. Accessed at: https://www.

globalwitness.org/en/campaigns/natural-resource-governance/myanmars-poisoned-mountains/

- Naing Tun, Z., Dargusch, P., McMoran, D.J., McAlpine, C. and Hill, G., 2021. Patterns and Drivers of Deforestation and Forest Degradation in Myanmar. Sustainability, 13(14), p.7539.
- Onemap, 2020. Regional Oil Palm Assessment. Unviersity of Bern.
- SAC-M. 2022. Briefing paper: effective control in Myanmar. Accessed at: https://specialadvisorycouncil.org/2022/09/statement-briefing-effective-control-myanmar/
- Smith, M., 2007. State of strife: The dynamics of ethnic conflict in Burma (Vol. 36). Institute of Southeast Asian Studies.
- Southern Monitor. 2022. Myanmar: Tanintharyi Region Monthly Situation Update (31 August, 2022). Accessed at: https://reliefweb.int/report/myanmar/myanmar-tanintharyi-region-monthly-situation-update-31-august-2022
- Suhardiman, D., Kenney-Lazar, M. and Meinzen-Dick, R., 2019. The contested terrain of land governance reform in Myanmar. Critical Asian Studies, 51(3), pp.368-385.
- Tarkapaw, DDA, TRIPNET., 2016. We used to fear bullets, now we fear bulldozers. Dawei, Myanamr.
- TRIPNET., 2016. We will manage our own resources: Karen indigenous people in Kamoethway demonstrate the importance of local solutions and community driven conservation. Dawei: Myanmar.
- Vijge, M.J., Metcalfe, R., Wallbott, L. and Oberlack, C., 2019. Transforming institutional quality in resource curse contexts: The Extractive Industries Transparency Initiative in Myanmar. Resources policy, 61, pp.200-209.
- Wah, E., 2022. Loosing the freedom to protect: shattered dreams of environmental defenders. Accessed at: https://www.frontiermyanmar.net/en/losing-the-freedom-to-protect-the-shattered-dreams-of-environment-defenders/
- Woods, K.M., 2020. CHARCOAL PRODUCTION IN MYANMAR: LINKS TO ILLEGALITY, DEFORESTATION.
- Woods, K., 2013. Ceasefire capitalism: military–private partnerships, resource concessions, and military–state building in the Burma–China borderlands. In New Frontiers of Land Control (pp. 87-110). Routledge.
- Woods, K. 2015. Commercial agriculture expansion in Myanmar: links to deforestation, conversion timber and land conflicts. Forest Trends. Accessed at: https://www.forest-trends.org/wp-content/uploads/2015/03/Conversion_Timber_in_Myanmar_Exec_Summary-1.pdf